# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## မိမိပြုဖွယ် အမှုကိစ္စ

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရားဉ္ဖတည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိဋကတ်(ဓမ္မပဒ-၂၁၇)


၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက် | ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက်၊ သောကြာနေ့ | အတွဲ (၆၁)၊ အမှတ် (၃၅၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


ယနေ့ ဖတ်စရာ

**ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ပြဋ္ဌာန်း**

ပြည်တွင်းသတင်း စာ - ၃

**အချက်အလက်အပေါ်အခြေခံပြီး စေတနာကို မြင်အောင်ကြည့်ပါ တိုးတက်မှုကို တွေ့ရမှာ**

ဆောင်းပါး စာ - ၆

**ယုံကြည်စိတ်ချရဆုံးမဟာမိတ်မှသည် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ...**

ဆောင်းပါး စာ - ၁၆

**နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ရေး အရှိန်မြှင့်တင်ဆောင်ရွက်**

ကိုဗစ်-၁၉ ကာကွယ်ရေးသတင်း စာ - ၁၄





**ယူရိုဇုန်၌ ငွေကြေးဖောင်းပွမှု တိုးမြင့်လာ၍ အတိုးနှုန်းများ ထပ်မံမြင့်တက်လာ**

ကုန်သွယ်စီးပွားကဏ္ဍ စာ - ၁၇





**ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ ပြန်လည်ကြိုးဆ ဆောင်ရွက်စို့**

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အကြို ဂုဏ်ပြုဆောင်းပါး စာ - ၂၀


# မကွေးတိုင်းဒေသကြီးအတွင်း လူမှုစီးပွားကို အထောက်အကူပြုစေမည့် ရေဝတီတံတား(သရက်-အောင်လံ)တည်ဆောက်မှု ၅၂ ရာခိုင်နှုန်းပြီးစီး

နေပြည်တော် စက်တင်ဘာ ၂၂

မကွေးတိုင်းဒေသကြီး၏ ဒေသတွင်း လူမှုစီးပွားကို အထောက်အကူပြုစေမည့် ရေဝတီတံတား (သရက် - အောင်လံ) တည်ဆောက်ရေးစီမံကိန်းသည် ယခုအခါ တံတားတစ်စင်းလုံး တည်ဆောက်မှု၏ ၅၂ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ (၃) မှ သိရသည်။

"လုပ်ငန်းပြီးစီးမှုအနေနဲ့ ပင်မတံတား အုတ်မြစ်လုပ်ငန်း ရာခိုင်နှုန်းပြည့် ဆောင်ရွက်ပြီးပါပြီ။ တံတားတိုင်တွေအနေနဲ့ ပင်မတံတား RP1 ကနေ RP13 အထိ ရှိရာမှာ RP2 တစ်ခုပဲ ဆောင်ရွက်ဖို့ ကျန်ပါတယ်။ ရေဝတီမြစ်ရေကျချိန်မှ RP2 လုပ်ငန်းတွေကို ဆောင်ရွက်သွားမှာဖြစ်ပြီးတော့ အခု ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှာ ပင်မတံတား ရေလယ်တိုင်တွေအားလုံး ၁၀၀ ရာခိုင်နှုန်းပြီးစီးမှာ ဖြစ်ပါတယ်။ ချဉ်းကပ်တံတားကြမ်းခင်းလုပ်ငန်းအနေနဲ့ သရက်ဘက်ကမ်းမှာ မီတာ ၃၀ အကျယ် ၁၀ ခန်းအနက်


*စာမျက်နှာ ၃ ကော်လံ ၁* ■




ရေဝတီတံတား (သရက် - အောင်လံ) တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

## ရွှေဒင်္ဂါးပြားများ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များတွင် ရောင်းချပေးရန် စီစဉ်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၂

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ တစ်ကျပ်သား၊ ငါးမူးသားနှင့် တစ်မတ်သား အလေးချိန်ရှိသော ရွှေဒင်္ဂါးပြားများကို ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင်သာမက ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများတွင်ပါ စက်တင်ဘာ ၂၃ ရက်မှ စတင်၍ လွတ်လပ်စွာ ရောင်းချပေးရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၂**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။ မိုး/ဇလ

## ကချင်ပြည်နယ်အတွင်း သဘာဝအခြေခံခရီးသွားလုပ်ငန်းအပေါ် အခြေခံ၍ ရေရှည်တည်တံ့ခိုင်မြဲပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေမည့် ခရီးသွားလုပ်ငန်းများဖြစ်စေရေး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီအဖွဲ့ဝင်များ ညှိနှိုင်းဆွေးနွေး

**မြစ်ကြီးနား စက်တင်ဘာ ၂၂**

ကချင်ပြည်နယ်၏ ရေမြေတောတောင် သဘာဝအလှအပရှုခင်းများ၊ သဘာဝသယံဇာတအရင်းအမြစ်များစွာ ကြွယ်ဝမှုအပေါ် အခြေခံ၍ ရေရှည်တည်တံ့ခိုင်မြဲပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေမည့် သဘာဝအခြေခံသည့် ခရီးသွားလုပ်ငန်းများ ပိုမိုအားကောင်းလာစေရေး စီမံဆောင်ရွက်သွားမည် ဖြစ်ကြောင်း စက်တင်ဘာ ၂၂ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည့် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီ၏ (၄/၂၀၂၂) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြောကြားသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း ခရီးစဉ်ဒေသသစ်များ ဖော်ဆောင်ရာတွင် လည်းကောင်း၊ ရှိပြီးသား ခရီးစဉ်များကို ဖော်ထုတ်ဆောင်ရွက်ရာတွင်လည်းကောင်း ခရီးစဉ်ဒေသများ၏ အားသာချက်၊ အားနည်းချက်များနှင့် လေ့လာဆန်းစစ်ချက် အစီအမံများကို ဌာနဆိုင်ရာများ၊ ပြည်သူများနှင့် ပေါင်းစပ်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးမျိုးဆွေက ဧည့်သည်စာရင်းစီမံခန့်ခွဲမှုစနစ်(GLMS)ကို အသုံးပြုမှုအပေါ် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် အခွန်အကောက်များ လျာထားချက်ပြည့်မီအောင် ကောက်ခံရရှိရေး စသည်တို့ကို ရှင်းလင်းပြောကြားပြီး ကော်မတီအတွင်းရေးမှူး ပြည်နယ်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးခိုင်ဦးက ပြည်နယ်အတွင်း ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှု အခြေအနေများ၊ (၃/၂၀၂၂)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်နှင့် ကော်မတီသို့ တင်ပြလျှောက်ထားလာသည့် ဟိုတယ်/တည်းခိုရိပ်သာ၊ ခရီးသွားလှည့်လည်ရေးနှင့် ဧည့်လမ်းညွှန် လုပ်ငန်းလိုင်စင်များ သက်တမ်းတိုး လျှောက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြမှုများအပေါ် ကော်မတီအဖွဲ့ဝင်များက ညှိနှိုင်းဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ကော်မတီထံ တင်ပြလျှောက်ထားလာသည့် လုပ်ငန်းလိုင်စင်များနှင့် စပ်လျဉ်း၍ ဆုံးဖြတ်အတည်ပြုပေးနိုင်ရေးနှင့် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကချင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီအနေဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (ဧပြီလ မှ ဩဂုတ်လ အထိ) ဟိုတယ် ၄၈ လုံးနှင့် တည်းခိုရိပ်သာ ၁၃ ခု စုစုပေါင်းဟိုတယ်နှင့်တည်းခိုရိပ်သာ ၆၁ လုံး တိုးတက်ခွင့်ပြုပေးနိုင်ခဲ့သဖြင့် အခန်းအရေအတွက်အားဖြင့် ၁၈၄၉ ခန်း ခွင့်ပြုပေးနိုင်ခဲ့ပြီး ခရီးသွားလှည့်လည်ရေးကုမ္ပဏီ ၅၇ ခု၊ ဧည့်လမ်းညွှန် ၂၅ ဦးနှင့် ဒေသဆိုင်ရာ ဧည့်လမ်းညွှန် ၄၃ ဦးတို့အတွက် လုပ်ငန်းလိုင်စင်များ ခွင့်ပြုပေးနိုင်ခဲ့ကြောင်း ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီထံမှ သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## မုတ်သုံလေ အားနည်းနေ

**နေပြည်တော် စက်တင်ဘာ ၂၂**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ သိရသည်။

**မိုး/ဇလ**

## သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် Free Online Certificate Course ဖွင့်လှစ်မည်

**သန်လျင် စက်တင်ဘာ ၂၂**

သမဝါယမနှင့်စီမံခန့်ခွဲမှု ပညာတက္ကသိုလ်(သန်လျင်)တွင် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဥပဒေများကို သိရှိနားလည်စေရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရန်အတွက် အောက်ပါ Free Online Certificate Course (2nd Batch) ကို ၆-၁၀-၂၀၂၂ ရက်မှစ၍ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်-

- Certificate in Business Law
  Link; https://forms.gle/48axjQStY5jSo6Cf7

အဆိုပါသင်တန်းသို့ တက်ရောက်လိုသူများအနေဖြင့် သက်ဆိုင်ရာ Link မှတစ်ဆင့် Google Form ဖြင့် ဖြည့်စွက်ပြီး ၃၀-၉-၂၀၂၂ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

မြန်မာ့အလင်း

## ရိုးရာအနုသုခုမ ပညာရပ်များ အနာဂတ်မျိုးဆက်များသို့ လက်ဆင့်ကမ်း

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို နိုင်ငံတော်အဆင့်အနေဖြင့် ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး အကြိုပြင်ဆင်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပြီဖြစ်သည်။ အဆိုပါပြိုင်ပွဲကြီး ကျင်းပရေးနှင့်စပ်လျဉ်း၍ "အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် သွေးစည်းညီညွတ်မှု ပိုမိုခိုင်မြဲရေး၊ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးထမ်းများ အနုသုခုမ အဆို၊ အတီး၊ အကများ အရှည်တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှုဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဗဟိုအဆင့် ပြိုင်ပွဲကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပလျက်ရှိရာ လူငယ်လူရွယ်များနှင့် ဝါသနာရှင် ပြည်သူများအပါအဝင် မြန်မာ့ရိုးရာ အနုသုခုမ ပညာရပ်များကို ချစ်မြတ်နိုးစိတ်ဝင်စားကြသည့် ပြည်သူများကလည်း အားပေးလျက်ရှိကြသည်။ မျက်မှောက်ခေတ်တွင် ခေတ်မီဆက်သွယ်ရေးနည်းပညာများ အရှိန်အဟုန်ဖြင့် တိုးတက်ထွန်းကားလျက်ရှိရာ လူငယ်လူရွယ်များအတွင်း လူမှုကွန်ရက် ဆိုရှယ်မီဒီယာများ၏ လွှမ်းမိုးမှုမှာ ကြီးမားလှသည်။ ဆိုရှယ်မီဒီယာအများစုတွင် ဝင်ရောက်လေ့လာကြည့်ရှုမည်ဆိုပါက အနုထက်အကြမ်း၊ အယဉ်ထက်အရိုင်း ယဉ်ကျေးသိမ်မွေ့မှုထက် ရုန့်ရင်းကြမ်းတမ်းမှုတို့ကသာ ပိုမိုဖုံးလွှမ်းနေသည်ကို တွေ့ရမည်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် ဆိုရှယ်မီဒီယာများကို လူမှုဆက်ဆံရေး၊ ဖျော်ဖြေရေး၊ အသိပညာရှာဖွေရေး၊ ရောင်းရေး ဝယ်ရေး စသည်တို့အပြင် သတင်းအချက်အလက်များ ရယူရန်အတွက်ပါ အသုံးပြုနေကြခြင်းဖြစ်သည်။ သို့ရာတွင် ဆိုရှယ်မီဒီယာများတွင် ရှိနေသည့် အကောင်းအဆိုး အကျိုးအပြစ်တို့ကို ဝေဖန်ဆန်းစစ်နိုင်ပြီး မိမိတို့၏ ကောင်းရာကောင်းကျိုးအတွက် ရွေးချယ်အသုံးပြုနိုင်မှုတွင်မူ အများစုက အားနည်းကြသည်။ နိုင်ငံ၏ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးစံ၊ ဘာသာရေးယုံကြည်မှု စသည်တို့အပေါ် ရည်ရွယ်ချက်ရှိရှိဖြင့် ထိုးနှက်တိုက်ခိုက်၍ နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုနှင့် စည်းလုံးညီညွတ်မှုတို့ ပျက်ပြားရေး၊ အဖျက်အမှောင့် ပြုလုပ်နေကြသည်များကိုလည်း နားယောင်မှုများ ရှိနေကြသည်။ ယင်းသို့သော အခြေအနေတွင် မိမိနိုင်ငံ မိမိလူမျိုး၏ အခိုင်အမာတည်ရှိပြီးဖြစ်သည့် ရိုးရာယဉ်ကျေးမှု အနုသုခုမ ပညာရပ်များကို ပြန်လည်ဖော်ထုတ်ခြင်းအားဖြင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉) ရပ်အနက် လူမှုရေးဦးတည်ချက် တစ်ရပ်ဖြစ်သည့် "တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး" ဆိုသည့် ဦးတည်ချက်နှင့်အညီ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကြီးကို မကြာမီကာလတွင် ကျင်းပသွားမည်ဖြစ်ရာ မျိုးဆက်သစ် လူငယ်လူရွယ်များ မိမိတို့၏ ရိုးရာယဉ်ကျေးမှု အနုသုခုမ ပညာရပ်များကို အနာဂတ်မျိုးဆက်များသို့ လက်ဆင့်ကမ်းသယ်ဆောင်သွားနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ပါကြောင်း။ ။

## ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် (၄၄/ ၂၀၂၂)
၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်
(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

“ (ခ) ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ် သည် ရာထူးအလျောက် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတွင်းရေးမှူး ဖြစ်သည်။”

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၆၂ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်
(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်)
မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဒေါက်တာလင်းအောင် အား မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် စက်တင်ဘာ ၂၂**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ သာယာဝတီမြို့တွင် ၃ ဒသမ ၅၈ လက်မ၊ ပန်းတနော်မြို့တွင် ၃ ဒသမ ၂၉ လက်မ၊ ပိုက်ကျုံမြို့တွင် ၃ ဒသမ ၂၅ လက်မ၊ ဖြူးမြို့တွင် ၃ ဒသမ ၀၄ လက်မ၊ ပူတာအိုမြို့တွင် ၂ ဒသမ ၆၈ လက်မ၊ ဓနုဖြူမြို့တွင် ၂ ဒသမ ၅၂ လက်မ၊ ဘော်လခဲမြို့တွင် ၂ ဒသမ ၀၅ လက်မ၊ ညောင်တုန်းမြို့တွင် ၂ ဒသမ ၀၀ လက်မ၊ လောင်းလုံးမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ ကျိုက်လတ်မြို့တွင် ၀ ဒသမ ၉၀ လက်မ၊ ထားဝယ်မြို့တွင် ၁ ဒသမ ၈၉ လက်မ၊ ဥက္ကံမြို့တွင် ၁ ဒသမ ၈၁ လက်မနှင့် ကျိုက်ဒုံမြို့တွင် ၁ ဒသမ ၈၀ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင် ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ရုံးအဖွဲ့ခေါင်းဆောင် H.E. Dr. KUNG Phoak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၂**

အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်သည် ကမ္ဘောဒီးယား နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ရုံး အဖွဲ့ခေါင်းဆောင် H.E. Dr. KUNG Phoak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူးက တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုအခြေအနေ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ ကိစ္စများအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ရုံး အဖွဲ့ခေါင်းဆောင်က မြန်မာနိုင်ငံအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာကိစ္စများ၊ မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးအခြေအနေအပေါ် ဖြေရှင်းနိုင်ရေးကိစ္စများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် နှစ်ဖက်သိရှိလိုသည်များကို အပြန်အလှန် ရင်းရင်းနှီးနှီး အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင် ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အာဆီယံဥက္ကဋ္ဌ၏ အထူး ကိုယ်စားလှယ်ရုံးအဖွဲ့ခေါင်းဆောင် H.E. Dr. KUNG Phoak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။**

---

■ *ရှေ့ဖုံးမှ*

ကိုးခန်းဆောင်ရွက်ပြီး ဖြစ်ပါတယ်။ အောင်လံဘက်ကမ်း ချဉ်းကပ်တံတား ကြမ်းခင်းလုပ်ငန်း မီတာ ၃၀ အကျယ် ရှစ်ခန်းရှိတဲ့အနက် ခုနစ်ခန်း ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်မှာ ချဉ်းကပ်တံတား ကြမ်းခင်းနဲ့ လက်ရန်းလုပ်ငန်း အားလုံး ရာခိုင်နှုန်းပြည့် ပြီးစီးမှာဖြစ်ပါတယ်”ဟု တံတားဦးစီးဌာန တည်ဆောက်ရေး အဖွဲ့ (၃)မှ ညွှန်ကြားရေးမှူး ဦးငွေအောင်က ပြောကြားသည်။ ယင်းတံတား တည်ဆောက်ရေး စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းဖြစ်နိုင်ခြေ ဆန်းစစ်လေ့လာခြင်းလုပ်ငန်းကို ၂၀၁၅ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများကို ဆောက်လုပ်ရေး ဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃)က ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် စတင်ဆောင်ရွက်ခဲ့သည်။

၂၀၁၈ (Mini Budget) တွင် အကြိုအင်ဂျင်နီယာလုပ်ငန်းများကို လည်းကောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ချဉ်းကပ်တံတားအုတ်မြစ်နှင့် ကိုယ်ထည် လုပ်ငန်းများကို လည်းကောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ချဉ်းကပ်တံတား အုတ်မြစ်၊ ကိုယ်ထည်နှင့် အပေါ်ထည်လုပ်ငန်းများကိုလည်းကောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပင်မတံတား ရေလယ်တိုင် အုတ်မြစ်နှင့် ကိုယ်ထည် လုပ်ငန်းများကို လည်းကောင်း၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (Mini Budget) တွင် ပင်မတံတား ရေလယ်တိုင် အုတ်မြစ်နှင့် ကိုယ်ထည်လုပ်ငန်းများကိုလည်းကောင်း တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃) က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

“ပင်မတံတား သံပေါင်အတွက် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှာ တင်ဒါခေါ်ယူထားဆဲဖြစ်ပြီး သံပေါင်ရရှိမှုအပေါ် မူတည်ပြီး သံပေါင်သယ်ယူခြင်း၊ တပ်ဆင်ခြင်း လုပ်ငန်းတွေကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး စီမံကိန်းလုပ်ငန်းတွေကို ပြီးစီးအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အကြမ်းအားဖြင့် စီမံကိန်းလုပ်ငန်းတွေ အားလုံးကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်မှာ အပြီးဆောင်ရွက်ဖို့ လျာထားပါတယ် ” ဟု တံတားတည်ဆောက်ရေး အဖွဲ့(၃)မှ ညွှန်ကြားရေးမှူးက ပြောသည်။

**သန်းမင်းအောင်(သတင်းစဉ်)**

# ရခိုင်ပြည်နယ်အတွင်း ဒေသခံများအပါအဝင် နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးနိုင်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံနိုင်ရေးဆောင်ရွက်မည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၂**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Elena Ajmone Sessera နှင့်အဖွဲ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။(ဓာတ်ပုံ)

ထိုသို့တွေ့ဆုံရာတွင် ICRC အနေဖြင့် မြန်မာနိုင်ငံတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာန အပါအဝင် ဆက်စပ်ဌာနများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံအတွင်း ICRC ရုံးခွဲများဖွင့်လှစ်ထားရှိမှုနှင့် နိုင်ငံခြားသားများအပါအဝင် ဝန်ထမ်းများ ခန့်အပ်တာဝန်ပေး ဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်အတွင်း ဒေသခံများအပါအဝင် နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးနိုင်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံနိုင်ရေး ဆောင်ရွက်မည့် အစီအစဉ်များနှင့် ယင်းလုပ်ငန်းစဉ်အပေါ် ပံ့ပိုးကူညီပေးနိုင်ရေး အခြေအနေများ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ညှိနှိုင်းပူးပေါင်းဆောင်ရွက်နေမှုနှင့် UNDP-UNHCR တို့နှင့် နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးဆောင်ရွက်နေမှု၊ ဝန်ကြီးဌာနအနေဖြင့် ICRC ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၏ ပြည်ဝင်ဗီဇာနှင့်နေခွင့် သက်တမ်းတိုးမြှင့်ရေးကိစ္စရပ်များ ခွင့်ပြုဆောင်ရွက်ပေးမှုနှင့် လုပ်ငန်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းလိုအပ်ချက်များအပေါ် ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ရုံးအဖွဲ့ခေါင်းဆောင် H.E. Dr. KUNG Phoak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၂**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့နံနက်ပိုင်းက ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏အထူးကိုယ်စားလှယ်ရုံးအဖွဲ့ခေါင်းဆောင် H.E. Dr. KUNG Phoak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကိုနေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ဓာတ်ပုံ)



တွေ့ဆုံဆွေးနွေးရာ၌ မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အစောပိုင်း ခက်ခဲသည့်ကာလများတွင် ကမ္ဘောဒီးယားနိုင်ငံမှ မိမိတို့နိုင်ငံအတွက် လိုအပ်သည့် ကိုဗစ်-၁၉ ရောဂါ Rapid Antigen Test Kit များ အပါအဝင် ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းပေးမှုအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံသို့ အာဆီယံ AHA Center မှတစ်ဆင့် လူသားချင်းစာနာမှု အကူအညီများ ပေးအပ်ရေး ပထမအဆင့်ကို ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အောင်မြင်စွာ ပူးပေါင်းအကောင်အထည် ဖော်ဆောင်နိုင်ခဲ့သည့် အခြေအနေများ၊ ယခုအခါ လူသားချင်းစာနာမှု အကူအညီများ ပေးအပ်ရေး ဒုတိယအဆင့်အတွက် ပူးတွဲလေ့လာဆန်းစစ်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်ရေးကိစ္စ၊ မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် စနစ်တကျ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မထိပါးသည့် လူသားချင်းစာနာမှု အကူအညီများကို လက်ခံသွားမည့်အစီအစဉ်များ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံသွားမည့် ကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ အမြင်ချင်းဖလှယ် ဆွေးနွေးပြောကြားခဲ့ကြသည်။

တွေ့ဆုံ ဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး)၊ ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးဦးစီးဌာန) နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူ ရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက် ကိုက်ညီသော ဆင်ဖြူတော်ကလေးဖြစ်သည်။

**လေ့ကျင့် သင်ကြားပေးလျက်ရှိ**

အထက်ပါ ဆင်ဖြူတော်ကလေးမှာ ယခုအသက် နှစ်လ သားအရွယ်တွင် အရပ်အမြင့် နှစ်ပေ ခုနစ်လက်မခွဲ၊ ကိုယ်လုံး လုံးပတ် သုံးပေရှစ်လက်မ၊ ကိုယ်အလေးချိန် ၂၀၄ ပေါင်ခန့်ရှိလာပြီး မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်ကလေးမှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်ကလေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် Human Friendly Training စနစ်ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဒက္ခိဏသီရိမြို့နယ်၌ သဘာဝမြေဆွေး၊ မြေဩဇာအချိုးကျ ပေါင်းစပ်သုံးစွဲနည်း သင်တန်းပေး

**နေပြည်တော် စက်တင်ဘာ ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကျွန်းတက်ပဲ့ကျေးရွာအုပ်စု ဆည်စုကျေးရွာအတွင်းရှိ တောင်သူများအား သဘာဝမြေဆွေး ပြုလုပ်သုံးစွဲနည်း၊ ဓာတ်မြေဩဇာ



နှင့် သဘာဝမြေဩဇာ (၁:၃) အချိုးကျ ပေါင်းစပ်သုံးစွဲနည်း သင်တန်းပေးခြင်းကို ယမန်နေ့နံနက်ပိုင်းတွင် အဆိုပါကျေးရွာရှိ ဘက်စုံသုံးခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်နိုင်က သင်တန်းပြုလုပ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက သဘာဝမြေဆွေးပြုလုပ်သုံးစွဲနည်း၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ(၁:၃) အချိုးကျပေါင်းစပ်သုံးစွဲနည်းကို တောင်သူများအား သင်ကြားပေးပြီး လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် တောင်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက သဘာဝမြေဆွေး ပြုလုပ်သုံးစွဲနည်း၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာစနစ်တကျ ပေါင်းစပ်ပုံ၊ သုံးစွဲရမည့်နည်းလမ်းများ၊ ရရှိမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**အောင်ကိုကို(ပြန်/ဆက်)**

# ကဝမြို့နယ် ရွှေလှေ ရေထိန်းတံခါးချောင်းအတွင်း ငါးမျိုးများစိုက်ထည့်

**ကဝ စက်တင်ဘာ ၂၂**

ပဲခူးခရိုင် ကဝမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝမြစ်ချောင်းများအတွင်း ငါးသယံဇာတများပေါများစေရန်နှင့် ငါးရိက္ခာများ ပိုမိုရရှိစေရန်အတွက် စက်တင်ဘာ ၂၀ ရက်နေ့ နံနက် ၈နာရီခွဲက ကဝမြို့နယ် အေးရွာအနီးရှိ ရွှေလှေရေထိန်းတံခါးချောင်းအတွင်း ငါးမျိုးများစိုက်ထည့်ခြင်းအခမ်းအနားကျင်းပရာ ကဝမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုမင်း၊ စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် (၂) ဦးအုံးသွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ဌာနဆိုင်ရာများ၊ သနပ်ပင်ငါးလုပ်ငန်း စခန်းတာဝန်ခံနှင့် ဝန်ထမ်းများက နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၂ ဒသမ ၂ သိန်း၊ ငါးခုံးမကြီးသားပေါက်ကောင်ရေ ၁ ဒသမ ၅ သိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၃ ဒသမ ၇ သိန်းအား မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အာဆီယံ၏ နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေး၊ တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့် အပေါင်းသုံးနိုင်ငံများနှင့် ပြုလုပ်သော ဝန်ကြီးအဆင့်အစည်းအဝေးများ ဆက်လက်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၂** (၁၆) ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် စုံညီအစည်းအဝေး (16th AMMTC) ကို စက်တင်ဘာ ၂၀ ရက်တွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။ ၎င်း၏ဆက်စပ်အစည်းအဝေးများဖြစ်သော တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အပေါင်းသုံး (တရုတ်၊ ဂျပန်၊ ကိုရီးယား)တို့နှင့် ပြုလုပ်သော အစည်းအဝေးများကို ယနေ့ နံနက် ၇ နာရီတွင် ဆက်လက်ကျင်းပရာ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့မှ ဝန်ကြီးအဆင့် AMMTC ခေါင်းဆောင်များနှင့် အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**ပူးတွဲကြေညာချက် အတည်ပြု**

9th AMMTC + China ညှိနှိုင်းဆွေးနွေးမှု အစည်းအဝေးကို နံနက်ပိုင်းတွင် ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး/ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာန ဝန်ကြီး Mr. Wang Xiao Hong (မစ္စတာ ဝမ်ရှောင်းဟုန်) တို့က ပူးတွဲ သဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။ အစည်းအဝေးတွင် အာဆီယံနှင့် တရုတ်နိုင်ငံတို့အကြား ချုပ်ဆိုထားသော နားလည်မှုစာချွန်လွှာကို အကောင်အထည်ဖော်မည့် လုပ်ငန်းစီမံချက် (၂၀၁၉-၂၀၂၃) နှင့်စပ်လျဉ်း၍ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုကို အပြန်အလှန် ဆွေးနွေးဖလှယ်ခြင်းနှင့် ပူးတွဲကြေညာချက် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ပူးတွဲသဘာပတိ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး / ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်က သမားရိုးကျမဟုတ်သော လုံခြုံရေးအခန်းကဏ္ဍ၌ ဖြစ်ပေါ်နေသည့် စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်နိုင်မည့် နှစ်ဦးနှစ်ဖက် အပြန်အလှန် နားလည်ယုံကြည်မှု ခိုင်မာအားကောင်းစေမည့် နည်းလမ်းများ ဖော်ထုတ်သွားကြမည်ဖြစ်ပါကြောင်း၊ ဖော်ထုတ်ရရှိသည့် နည်းလမ်းများကို အကောင်အထည်ဖော်ရာတွင် ရှိရင်းစွဲ ပူးပေါင်းဆောင်ရွက်ရေးယန္တရားများ၊ သက်ဆိုင်ရာ နိုင်ငံအသီးသီး၏ ပြည်တွင်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံနယ်နိမိတ်တွင် ခိုအောင်းနေသော ရာဇဝတ်ဂိုဏ်းများကို ထိရောက်စွာ တိုက်ဖျက်နိုင်ရေး အလေးထားဆောင်ရွက်ပေးရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**နည်းပညာတိုးမြှင့်အသုံးပြုလာ**

ယင်းနောက် 12th AMMTC +3 (တရုတ်၊ ဂျပန်၊ ကိုရီးယား) တို့နှင့် ညှိနှိုင်းဆွေးနွေးမှု အစည်းအဝေး ကျင်းပရာ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး H.E. Samdech Kralahorm Sar Kheng က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အာဆီယံ ၁၀ နိုင်ငံနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့မှ ဝန်ကြီးအဆင့် ဦးဆောင်သော ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ အဆိုပါအစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး/ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက် က ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်ခြိမ်းခြောက်မှုသည် လွန်ခဲ့သည့် နှစ်များမှစတင်၍ သိသာထင်ရှားစွာ အဆင့်ဆင့်ပြောင်းလဲဖြစ်ပေါ်လာခဲ့ပါကြောင်း၊ အကြမ်းဖက်သမားများသည် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ (ICT) အပါအဝင် ဆန်းသစ်သော နည်းပညာရပ်များကို တိုးမြှင့်အသုံးပြုလာကြပါကြောင်း၊ ထို့ပြင် ၎င်းတို့သည် လက်လုပ်ဖောက်ခွဲရေးပစ္စည်းများ (IEDs) နှင့် Drone များကို တွဲဖက်အသုံးပြု၍ အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်လာကြပါကြောင်း၊ နောင်အနာဂတ်တွင် အကြမ်းဖက်သမားများသည် Drone များကို အသုံးပြု၍ ပြင်းအားမြင့်ဖောက်ခွဲရေးပစ္စည်းများဖြင့် ပိုမိုဆောင်ရွက်လာကြမည်ဖြစ်ပါကြောင်း၊ ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် World Trade Center တိုက်ခိုက်ခံရမှုကဲ့သို့ ခေတ်သစ် ၉/၁၁ တိုက်ခိုက်မှုကြီးမျိုး ကျူးလွန်နိုင်သည့် ကြိုးပမ်းဆောင်ရွက်မှုမျိုး ပြုလုပ်လာနိုင်ပါကြောင်း၊ လက်နက်မှောင်ခိုမှုခင်းများသည် အကြမ်းဖက်အုပ်စုများနှင့် ချိတ်ဆက်မှုရှိနေသဖြင့် လူ့အသိုင်းအဝိုင်းများ လုံခြုံဘေးကင်းမှုတွင် ခြိမ်းခြောက်မှုဖြစ်စေပါကြောင်း၊ အာဆီယံ + ၃ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်မူဘောင်မှ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်အတွင်း သိမ်းဆည်းရမိသော Drone များကို ခွဲခြမ်းစိတ်ဖြာ၍ ဒစ်ဂျစ်တယ်သက်သေခံ အထောက်အထားများ ဖော်ထုတ်ရေးဆိုင်ရာ စွမ်းရည်မြှင့်တင်ရေး အစီအစဉ်များ ပြုလုပ်ပေးစေလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နံနက် ၁၁ နာရီတွင် 7th AMMTC + Japan ညှိနှိုင်းဆွေးနွေးမှု အစည်းအဝေးကို လည်းကောင်း၊ မွန်းလွဲ ၂နာရီခွဲတွင် 3rd AMMTC + ROK ညှိနှိုင်းဆွေးနွေးမှု အစည်းအဝေးကို လည်းကောင်းကျင်းပရာ အစည်းအဝေးများတွင် မူးယစ်ဆေးဝါးတရားမဝင် ရောင်းဝယ်ဖောက်ကားမှု၊ လူကုန်ကူးမှု၊ ငွေကြေးခဝါချမှု၊ နိုင်ငံတကာစီးပွားရေးမှုခင်း၊ အကျဉ်းသားများ၊ လူဝင်မှုကြီးကြပ်ရေး၊ စုံစမ်းစစ်ဆေးရေးနှင့် နည်းပညာမြင့်သောမှုခင်းများ စသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများအတွက် စွမ်းရည်မြှင့်တင်ခြင်းနှင့် သတင်းအချက်အလက်၊ ကောင်းမွန်သော လုပ်ထုံးလုပ်နည်းများနှင့် နည်းပညာကျွမ်းကျင်မှုများ ဖလှယ်ခြင်းမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာများကို လက်ရှိပူးပေါင်း ဆောင်ရွက်နေသော လုပ်ငန်းစီမံချက် ၂၀၁၉-၂၀၂၃ မူဘောင်မှ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

ထို့နောက် AMMTC ဥက္ကဋ္ဌတာဝန် လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ကျင်းပရာ ၂၀၂၃ ခုနှစ်တွင် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အင်ဒိုနီးရှားနိုင်ငံသို့ AMMTC ဥက္ကဋ္ဌ တာဝန်လွှဲပြောင်းပေးအပ်ခဲ့သည့် အခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**







# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီ၏ လမ်းညွှန်ချက်များအပေါ် ပြည်နယ်အဆင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**စစ်တွေ စက်တင်ဘာ ၂၂** ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများညှိနှိုင်းပေါင်းစပ်ရေးကော်မတီ၏ လမ်းညွှန်ချက်များအပေါ် ပြည်နယ်အဆင့်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး၊ ပြန်လည် နေရာချထားရေး၊ ပြန်လည် ထူထောင်ရေးနှင့် ပတ်သက်ပြီး ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကြိုတင်ပြင်ဆင်ဆောင်ရွက်**

အစည်းအဝေးတွင် ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သူရက မကြာမီကာလတွင် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေး အစီအစဉ်ကို စတင်ဆောင်ရွက်မည် ဖြစ်သည့်အတွက် အထူးသဖြင့် ပြန်လည်လက်ခံရေးနှင့်အတူ ပြန်လည်ထူထောင်ရေး၊ ပြန်လည်နေရာချထားရေး လုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများနှင့် ပတ်သက်ပြီး ဆက်စပ်သည့် ဌာနဆိုင်ရာများက မိမိတို့ကဏ္ဍအလိုက် လုပ်ငန်းများအား ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်း ပြည်နယ်အစိုးရအဖွဲ့ အပါအဝင် မိမိတို့သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ အချိန်မီပေးပို့ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။



ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးက ဆွေးနွေးချက်များအပေါ် ပြန်လည် သုံးသပ်ဆွေးနွေးပြီး Virtual Online စနစ်ဖြင့် တက်ရောက်ကြသည့် မောင်တောခရိုင် အုပ်ချုပ်ရေးမှူးနှင့် စခန်းတာဝန်ခံများက လက်ရှိမြေပြင်တွင် ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးနှင့် အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးကြပြီး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သူရက နိဂုံးချုပ် အမှာစကား ပြောကြားကြောင်းသိရသည်။

**သတင်းစဉ်**

# သာယာဝတီမြို့နယ် မြစ်မခမြစ်သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

**သာယာဝတီ စက်တင်ဘာ ၂၂** – ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် မြစ်မခမြစ် တံတားဆိပ်ကမ်း၌ သဘာဝရေပြင်အတွင်း (ဒုတိယအကြိမ်) ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ပြုလုပ်သည်။

အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြစ်မခမြစ်အတွင်းသို့ ငါးသားပေါက်ကောင်ရေ နှစ်သိန်းခွဲကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ သာယာဝတီခရိုင်ငါးလုပ်ငန်းဦးစီးဌာနက ငါးမျိုးမပြုန်းတီးရေး ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် မြစ်အတွင်းရှိ ရေလုပ်သားများအား ငါးဖမ်းရာတွင် ရှော့တိုက်ဖမ်းခြင်းများ မပြုလုပ်ရန်နှင့် သတ်မှတ်စည်းကမ်းများအတိုင်း လိုက်နာကြရန် စည်းကမ်းချက်များထုတ်ပြန်ကာ အရေးယူဆောင်ရွက်လျက်ရှိသည်။

**သန့်ဇော် (သာယာဝတီ)**

# အချက်အလက်အပေါ်အခြေခံပြီး စေတနာကို မြင်အောင်ကြည့်ပါ တိုးတက်မှုကို တွေ့ရမှာ

*ထက်မြတ်*



(အရင်းအမြစ်။ Myanmar National Trade Portal ဝက်ဘ်ဆိုက်)

မိသားစုတစ်ခုရယ်လို့ ဖြစ်လာပြီဆိုရင် လူတန်းစေ့ ရှင်သန်၊ ရပ်တည်၊ နေထိုင်နိုင်ရေးအတွက် လက်ဆုပ်လက်ကိုင်ပြနိုင်တဲ့လိုအပ်ချက်တွေထဲကမှ အရေးအကြီးဆုံးအရာကတော့ စီးပွားရေးလို့ဆိုကြပါတယ်။

မိသားစုတစ်ခုက စီးပွားရေးကောင်းရင်ကောင်းသလို စားဝတ်နေရေးချောင်လည်ပြီး လူတန်းစေ့နေထိုင်နိုင်ပါလိမ့်မယ်။ စီးပွားရေး မကောင်းရင်ရော စီးပွားရေးကောင်းအောင် မိသားစုတွေတက်ညီလက်ညီကြိုးစားရမှာပေါ့။

မိသားစုတစ်ခု အတွက်တောင်မှ စီးပွားရေးက အရေးကြီးတယ်ဆိုရင် နိုင်ငံတစ်နိုင်ငံလုံးအတွက်ဆို စီးပွားရေးကဘယ်လောက်တောင်မှအရေးကြီးလိမ့်မလဲနော်။

မိသားစုတစ်ခုမှာ ကလေးငယ်တွေအတွက် ပညာရေး၊ ကျန်းမာရေး အစရှိတဲ့ ကိစ္စအဝဝကို မိဘ၊ အုပ်ထိန်းသူကတာဝန်ယူထားရပါတယ်။

နိုင်ငံတစ်ခုမှာလည်း မိဘသဖွယ်၊ အုပ်ထိန်းသူသဖွယ်ဖြစ်တဲ့ နိုင်ငံတော်အကြီးအကဲက နိုင်ငံအတွင်းရှိ ပြည်သူများအားလုံးအတွက် ပညာရေး၊ ကျန်းမာရေး အစရှိတဲ့ လူမှုစီးပွားကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးနေရတာပါ။

မိသားစုမှာလည်း မိသားစုအလျောက် ဒီလိုကိစ္စအဝဝကို ဖြေရှင်းဖို့အတွက် စီးပွားရေးကောင်းဖို့လိုသလို နိုင်ငံတော်ကလည်း ပြည်သူများရဲ့လိုအပ်ချက်များကို ဖြည့်ဆည်းပေးဖို့အတွက် စီးပွားရေးကောင်းအောင် ကြိုးစားနေတာကို တွေ့ရပါတယ်။

**အညွှန်းကိန်းတွေနဲ့တိုင်းတာနိုင်**

မိသားစုတစ်ခုရဲ့ စီးပွားရေးကိုတိုင်းတာရာမှာ ပျမ်းမျှအားဖြင့် မိသားစုအရွယ်အစား၊ မိသားစုအတွင်းရှိ အလုပ်လုပ်နိုင်သူအရေအတွက်၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေအနေများ၊ ရရှိတဲ့ဝင်ငွေနဲ့ သုံးစွဲလိုက်ရတဲ့ထွက်ငွေအချိုးအစား အစရှိတဲ့ အညွှန်းကိန်းတွေနဲ့တိုင်းတာနိုင်ပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးကိုတိုင်းတာရာမှာတော့ မိသားစုတစ်ခုရဲ့ စီးပွားရေးအခြေအနေကို တိုင်းတာမှုအချက်အလက်များထက် များစွာပိုပါတယ်။ အခြေခံအချက်များကတော့ အတူတူပါပဲ။ အရွယ်အစားသာကွာသွားတာပါ။

ဒီနေရာမှာ နိုင်ငံအတွင်း ကုန်ဈေးနှုန်းမြင့်တက်ခြင်းကြောင့် အဲဒီနိုင်ငံရဲ့ စီးပွားရေး ကျဆင်းသွားတယ်လို့ တပ်အပ်မပြောနိုင်ပါဘူး။ ပြောလို့လည်း မရပါဘူး။ ဘာကြောင့်လဲဆိုရင် အကြောင်းအရာက ကိုက်ညီမှုမရှိလို့ပါ။

ဒီတော့ ဘယ်လိုအရာတွေက နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးကျဆင်းမှုကို သတ်မှတ်တာလဲဆိုတာနဲ့ပတ်သက်ပြီး အနည်းအကျဉ်းပြောလိုပါတယ်။

**နိုင်ငံရဲ့စီးပွားရေးကျဆင်းနေတယ်လို့ မပြောနိုင်**

ကမ္ဘာ့စီးပွားရေးပညာရှင်များ၊ စီးပွားရေးသုတေသနဌာနများ၊ စီးပွားရေးသုတေသီများ သတ်မှတ်ထားတဲ့ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးကျဆင်းမှုဆိုတာက ကုန်သွယ်ရေးနဲ့ စက်မှုလုပ်ငန်းများအနေနဲ့ ကုန်ထုတ်လုပ်မှုကျဆင်းပြီး အချိန်အတိုင်းအတာတစ်ခုအထိ အတိအကျပြောရရင် ခြောက်လဆက်တိုက်ကာလမှာ နိုင်ငံရဲ့အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး ကျဆင်းခြင်းအခြေအနေကို ခေါ်တယ်လို့ဆိုပါတယ်။ ဒါဆိုရင် ကုန်ဈေးနှုန်းတက်တာ တစ်ခုတည်းနဲ့တော့ နိုင်ငံရဲ့ စီးပွားရေးကျဆင်းနေတယ်လို့ မပြောနိုင်ဘူးဆိုတာ သိလောက်မှာပါ။

> **❍ ကမ္ဘာ့စီးပွားရေးပညာရှင်များ၊ စီးပွားရေးသုတေသနဌာနများ၊ စီးပွားရေးသုတေသီများ သတ်မှတ်ထားတဲ့ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးကျဆင်းမှုဆိုတာက ကုန်သွယ်ရေးနဲ့ စက်မှုလုပ်ငန်းများအနေနဲ့ ကုန်ထုတ်လုပ်မှုကျဆင်းပြီး အချိန်အတိုင်းအတာတစ်ခုအထိ အတိအကျပြောရရင် ခြောက်လဆက်တိုက်ကာလမှာ နိုင်ငံရဲ့အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး ကျဆင်းခြင်းအခြေအနေကို ခေါ်တယ်လို့ဆိုပါတယ်။ ဒါဆိုရင် ကုန်ဈေးနှုန်းတက်တာ တစ်ခုတည်းနဲ့တော့ နိုင်ငံရဲ့ စီးပွားရေးကျဆင်းနေတယ်လို့ မပြောနိုင်ဘူးဆိုတာ သိလောက်မှာပါ**

ကုန်ဈေးနှုန်း တက်ရခြင်းရဲ့ အကြောင်းရင်းများစွာရှိပါတယ်။ အခြေခံကျတဲ့အချက်တွေကတော့ ကမ္ဘာ့ဈေးကွက်အခြေအနေ၊ ဝယ်လိုအားထက် ရောင်းလိုအား အခြေအနေတို့အပေါ်မူတည်ပါတယ်။

လက်ရှိ ကမ္ဘာ့ကုန်စည်နဲ့ဝန်ဆောင်မှုဈေးကွက်အခြေအနေကို ကြည့်ရင် ဗိုလ်ကျစိုးမိုးတဲ့နည်းလမ်းနဲ့ တစ်ကမ္ဘာလုံးကို ထိန်းချုပ်လိုနေတဲ့ အမေရိကန်ဦးဆောင် အနောက်အုပ်စုရဲ့ အမျိုးမျိုးသော လုပ်ဆောင်ချက်များကြောင့် ကမောက်ကမဖြစ်နေပါတယ်။

စီးပွားရေးနဲ့စွမ်းအင်မှာ အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ရုရှားအပေါ်ကို အနောက်အုပ်စုက အရေးယူပိတ်ဆို့မှုတွေချမှတ်ခြင်းကလည်း ကမ္ဘာ့ဈေးကွက်မှာရောင်းလိုအားကို ကျဆင်းစေပါတယ်။ ဥပမာအားဖြင့် ရေနံကိုကြည့်ပါ။

စီးပွားရေးပညာရပ်သဘောတရားအရ ရောင်းလိုအားထက် ဝယ်လိုအားများရင် ကုန်ဈေးနှုန်းတက်လေ့ရှိတဲ့အတိုင်း ကုန်ဈေးနှုန်းတက်ရခြင်း အကြောင်းရင်းက ဘာကြောင့်ဆိုတာကိုလည်း အနည်းငယ်တီးခေါက်မိပြီထင်ပါတယ်။

အခုဆက်ပြီး နိုင်ငံတစ်နိုင်ငံရဲ့စီးပွားရေးတိုးတက်လား/ကျဆင်းလားဆိုတာကို တိတိကျကျသိရှိလိုရင်တော့ ကိန်းဂဏန်းအချက်အလက်များနဲ့ တိုက်ဆိုင်စစ်ဆေးဖို့ လိုအပ်တဲ့အကြောင်း ပြောချင်ပါသေးတယ်။

အထူးသဖြင့် မြန်မာနိုင်ငံရဲ့စီးပွားရေး တိုးတက်နေလား၊ ကျဆင်းနေလား ဆိုတာနဲ့ ပတ်သက်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများကထုတ်ပြန်တဲ့ ကိန်းဂဏန်းအချက်အလက်များနဲ့ တိုက်ဆိုင်စစ်ဆေးမှသာ အခြေအနေအမှန်ကို သိရှိနိုင်မှာပါ။

**အချိန်တိုအတွင်း စီးပွားရေးပြန်လည်ဦးမော့နိုင်**

နောက်တစ်ချက်က စီးပွားရေးကျဆင်းတယ်ဆိုတာ ဘောဂဗေဒဘာသာရပ် အယူအဆတစ်ခုဖြစ်တဲ့ စီးပွားရေးအတက်အကျ သံသရာစက်ဝန်းအတွင်းမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့အရာသာဖြစ်ပြီး အကြောင်းခြင်းရာကြီးကြီးမားမားမရှိဘူးဆိုရင် အချိန်တိုအတွင်းမှာ စီးပွားရေးပြန်လည်ဦးမော့နိုင်ပါတယ်။

တစ်ကမ္ဘာလုံးမှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားစဉ်ကာလတစ်လျှောက် ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ကုန်ထုတ်စွမ်းအားတွေအကုန်ကျဆင်းကုန်ပါတယ်။ အဓိကကတော့ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရေးအတွက် လော့ဒေါင်းတွေ ချမှတ်လိုက်လို့ပါ။

ဒီလိုလော့ဒေါင်းတွေ မဖြစ်မနေ ချမှတ်ရတဲ့အတွက် ရောဂါကူးစက်ပျံ့နှံ့မှုက အထိုက်အလျောက် လျော့နည်းသွားပေမယ့် ကုန်ထုတ်လုပ်မှုကျဆင်းခြင်းကတော့ အလွန်လျင်မြန်တဲ့နှုန်းနဲ့ တစ်ကမ္ဘာလုံးကို ကူးစက်သွားပါတယ်။

အဲဒီ အချိန်ကာလတွေတုန်းက မြန်မာနိုင်ငံရဲ့စီးပွားရေးတိုးတက်မှုသည်လည်း အကျဘက်မှာသာ ရှိနေခဲ့တာပါ။ ဒါဟာ ကိုယ့်တစ်နိုင်ငံတည်းဖြစ်နေတာမဟုတ်ဘဲ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ဖြစ်တဲ့ အနေအထားဖြစ်ပါတယ်။

ဒါပေမယ့် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုတွေ အနည်းငယ်တန့်သွားချိန်မှာတော့ မြန်မာနိုင်ငံအစိုးရဖြစ်တဲ့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကလည်း တခြားနိုင်ငံများထက်ပိုတဲ့ လုံ့လ၊ ဝီရိယ၊ ဝါယမနဲ့ကြိုးစားပြီး စီးပွားရေးဖွံ့ဖြိုးမှုတိုးတက်လာအောင် လုပ်ဆောင်ခဲ့ပါတယ်။

**အရေးပါတဲ့ကဏ္ဍများ ဦးစားပေးမြှင့်တင်**

ဒီလိုလုပ်ဆောင်တဲ့နေရာမှာ သွင်းကုန်ပမာဏကို လျှော့ချနိုင်သမျှလျှော့ချခြင်း၊ ပို့ကုန်ပမာဏကို တိုးမြှင့်နိုင်သမျှတိုးမြှင့်ခြင်း၊ အလုပ်လက်မဲ့နှုန်းကျဆင်းအောင်ဆောင်ရွက်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်လာအောင် အခြေအနေအခွင့်အလမ်းများဖန်တီးပေးခြင်း အစရှိတဲ့ စီးပွားရေးတိုးတက်မှုအတွက် အရေးပါတဲ့ကဏ္ဍများကို ဦးစားပေးပြီး မြှင့်တင်လာတာ တွေ့ရပါတယ်။

အများမြင်သာအောင် ရှင်းလင်းပြနိုင်ဖို့အတွက် ဘဏ္ဍာရေးနှစ်လေးတွေခွဲပြီး ပြောပြသွားပါမယ်။ အထူးသဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်တဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (၂၀၁၉ ခုနှစ် အောက်တိုဘာလမှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအထိ)၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှ ၂၀၂၁ ခုနှစ် စက်တင်ဘာလအထိ)၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (၆ လ) (၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ)နဲ့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (၂၀၂၂ ခုနှစ် ဧပြီလမှ ၂၀၂၃ ခုနှစ် မတ်လအထိ) ဆိုပြီးအချိန်အပိုင်းအခြားနဲ့ခွဲပြောသွားပါမယ်။

အခုတင်ပြမယ့် အချက်အလက်တွေကိုတော့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ဒီနှစ် ဩဂုတ်လထုတ် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များစာစောင် (Citizen’s Budget) မှာ ဖော်ပြထားတဲ့အချက်အလက်တွေ ဖြစ်ပါတယ်။

ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားတဲ့ကာလ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ စီးပွားရေးတိုးတက်မှုနှုန်းက ၃ ဒသမ ၂၀ ရာခိုင်နှုန်းရှိပါတယ်။ သုံးငွေပမာဏနဲ့ GDP အချိုးက ၂၈ ဒသမ ၅၆ ရာခိုင်နှုန်းအထိရှိပါတယ်။ ရငွေပမာဏနဲ့ GDP အချိုးကတော့ ၂၂ ဒသမ ၃၃ ရာခိုင်နှုန်းပါ။ လိုငွေပမာဏနဲ့ GDP အချိုးက ၆ ဒသမ ၂၃ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာသာမက ကမ္ဘာတစ်ဝန်းမှာပါ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအဆိုးဆုံးလို့ ပြောနိုင်တဲ့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှာတော့ မြန်မာနိုင်ငံရဲ့ စီးပွားရေး ကျဆင်းမှုက

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ထိတ်လန့်စရာ အခြေအနေပါပဲ။ စီးပွားရေးတိုးတက်မှုနှုန်းက အနုတ် ၅ ဒသမ ၉၀ ရာခိုင်နှုန်းရှိပါတယ်။ သုံးငွေပမာဏနဲ့ GDP အချိုးက ၂၃ ဒသမ ၇၄ ရာခိုင်နှုန်း၊ ရငွေပမာဏနဲ့ GDP အချိုးက ၁၆ ဒသမ ၁၈ ရာခိုင်နှုန်းရှိပါတယ်။ လိုငွေပမာဏနဲ့ GDP အချိုးကတော့ ၇ ဒသမ ၅၆ အထိ မြင့်တက်လာပါတယ်။

**စီးပွားရေးတိုးတက်မှုနှုန်း ၃ ဒသမ ၈၀ ရာခိုင်နှုန်းအထိမြင့်တက်လာ**

လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (၆ လ) အတွင်းမှာ စီးပွားရေးသိသိသာသာတိုးတက်လာတာကိုတွေ့ရပါတယ်။ ဒီကာလအတွင်း စီးပွားရေးတိုးတက်မှုနှုန်းက ၃ ဒသမ ၈၀ ရာခိုင်နှုန်းအထိမြင့်တက်လာတာကို အားရဖွယ်တွေ့ရပါတယ်။

ဒီနေရာမှာ အားရဖွယ်လို့သုံးရတဲ့ အကြောင်းရင်းက အနုတ် ၅ ဒသမ ၉၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားတဲ့ စီးပွားရေးကို ၃ ဒသမ ၈၀ ရာခိုင်နှုန်းအထိ တိုးတက်အောင် လုပ်ဆောင်နိုင်တာဟာ တော်တော်မြင့်မားတဲ့ စီးပွားရေးတိုးတက်မှုပမာဏလို့ ဆိုနိုင်တဲ့အတွက် ဖြစ်ပါတယ်။

အခုလက်ရှိ ဘဏ္ဍာရေးနှစ်ဖြစ်တဲ့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှာတော့ စီးပွားရေးတိုးတက်မှုနှုန်းက ၃ ဒသမ ၇၀ ရာခိုင်နှုန်းရှိမယ်လို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ခန့်မှန်းထားပါတယ်။

အရပ်ထဲနဲ့ အင်တာနက်အသိုင်းအဝိုင်းမှာတော့ တချို့ကပြောကြတာရှိပါတယ်။ ကမ္ဘာ့ ဘယ်အဖွဲ့အစည်းက



(အရင်းအမြစ်။ အင်တာနက်)

တော့ မြန်မာ့စီးပွားရေးနဲ့ပတ်သက်ပြီး ဘယ်လိုထုတ်ပြန်လိုက်ပြီ၊ မြန်မာ့စီးပွားရေးတိုးတက်မှုကျဆင်းနေပြီ၊ မြန်မာနိုင်ငံရဲ့စီးပွားရေးက ဇောက်ထိုးပြုတ်ကျနေပြီ ဆိုပြီးတော့ပြောနေကြတာပါ။

**အခြေအမြစ်မခိုင်မာတဲ့ ထုတ်ပြန်ချက်တွေ ဂရုမပြုမိဖို့ အရေးကြီး**

တကယ်တမ်း လက်တွေ့ကျကျ ဆန်းစစ်ကြည့်ရင် ကိုယ့်မိသားစုရဲ့ဝင်ငွေအမှန်၊ အသုံးစရိတ်အမှန်၊ ကုန်ထုတ်လုပ်မှုအမှန်ကို ကိုယ်ကိုယ်တိုင်ကသာ အသိဆုံးမဟုတ်ပါလား။ ဒါကြောင့် အစိုးရရဲ့ တရားဝင်ထုတ်ပြန်ချက်ကလွဲလို့ အခြေအမြစ်မခိုင်မာတဲ့ ထုတ်ပြန်ချက်တွေကို ဂရုမပြုမိဖို့ အရေးကြီးပါတယ်။

အခုလိုမျိုး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံရဲ့စီးပွားရေးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်မှုများနဲ့ပတ်သက်ပြီး ကိန်းဂဏန်းအချက်အလက်တချို့ကို တင်ပြချင်ပါသေးတယ်။ ဒီအချက်အလက်တွေကိုတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရှိ ကုန်သွယ်ရေးဦးစီးဌာနရဲ့အချက်အလက်များကို ကိုးကားထားပါတယ်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ ပြည်ပပို့ကုန်တန်ဖိုး စုစုပေါင်းက အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၇၆၈၁ ဒသမ ၀၈၉၊ သွင်းကုန်တန်ဖိုးစုစုပေါင်းက အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၉၀၅၀ ဒသမ ၈၅၆ ရှိတာကြောင့် ကုန်သွယ်မှုလိုငွေ စုစုပေါင်းက အမေရိကန်ဒေါ်လာသန်းပေါင်း ၁၃၆၉ ဒသမ ၇၆၇ ရှိပါတယ်။

တစ်နည်းပြောရရင် ကုန်သွယ်မှုလိုငွေပမာဏ များပြားနေတာက နိုင်ငံရဲ့စီးပွားရေးမှာ ထွက်ငွေများနေတာကို ပြသနေတာဖြစ်တဲ့အတွက် စီးပွားရေးတိုးတက်မှုက တိုးမြင့်နေလား၊ ကျဆင်းနေလားဆိုတာကို အထင်းသားမြင်သာစေပါတယ်။

**(၆ လ) အတွင်း ကုန်သွယ်မှုပိုငွေ ဒေါ်လာသန်းပေါင်း ၃၄၃ ဒသမ ၄၂၇ အထိဖြစ်လာ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် နိုင်ငံ့စီးပွားရေးကို အပြည့်အဝ အကောင်အထည်ဖော်လာနိုင်တဲ့ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (၆ လ) တာကာလအတွင်းမှာပင် ကုန်သွယ်မှုပိုငွေပမာဏက အမေရိကန်ဒေါ်လာသန်းပေါင်း ၃၄၃ ဒသမ ၄၂၇ အထိပြန်ဖြစ်လာပါတယ်။

အခုဘဏ္ဍာရေးနှစ်ဖြစ်တဲ့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ရဲ့ ခြောက်လတာကာလဖြစ်တဲ့ ဧပြီလ ၁ ရက်ကနေ စက်တင်ဘာလ ၉ ရက်အထိ ပို့ကုန်တန်ဖိုးစုစုပေါင်းက အမေရိကန်ဒေါ်လာသန်းပေါင်း ၇၆၀၀ ဒသမ ၄၂၅ နဲ့ သွင်းကုန်တန်ဖိုးစုစုပေါင်းက အမေရိကန်ဒေါ်လာသန်းပေါင်း ၇၄၆၁ ဒသမ ၅၄၅ ဖြစ်တဲ့အတွက် ကုန်သွယ်မှုပိုငွေ ပမာဏက အမေရိကန်ဒေါ်လာသန်းပေါင်း ၁၃၈ ဒသမ ၈၈ ရှိတာကိုလည်း တွေ့ရပါတယ်။

အခုလိုမျိုး ကုန်သွယ်ရေးမှာ ကုန်သွယ်မှုပိုငွေပြတာဟာ နိုင်ငံရဲ့စီးပွားရေးတိုးတက်မှုကိုပြသတဲ့ ကိန်းညွှန်းတစ်ခုပဲမဟုတ်ပါလား။

နောက်တစ်ခုက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ကိုယ့်နိုင်ငံအတွင်းမှာ ရင်းနှီးမြှုပ်နှံမှုတိုးမြင့်လာအောင် အခြေအနေအခွင့်အလမ်းများ ဖန်တီးပေးနေတာကိုလည်း တွေ့ရပါတယ်။ ဒီလိုအခွင့်အလမ်းများ ဖန်တီးပေးမှုနဲ့အတူ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာတာကိုလည်း မြင်တွေ့ရပါတယ်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ စာရင်းအချက်အလက်များအရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှာ ဩဂုတ်လကုန်အထိကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစုစုပေါင်း ၃၅ ခုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံကျော် ဝင်ရောက်လာတယ်လို့ သိရပါတယ်။

**အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာ**

ကိုယ့်နိုင်ငံအတွင်းကို ရင်းနှီးမြှုပ်နှံမှုတွေဝင်လာတာနဲ့အမျှ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပေါများလာတာ အမှန်ပါပဲ။ ဒါ့အပြင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ပိတ်ခဲ့ရတဲ့စက်ရုံများကလည်း ယခုအခါမှာပြန်လည်ဖွင့်လှစ်လာတာကို တွေ့ရတဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာပါတယ်။

နိုင်ငံအတွင်းမှာ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ တိုးမြင့်လာစေဖို့အတွက် အစိုးရအနေနဲ့ ကြိုးပမ်းအားထုတ်ရာမှာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်တိုင် မူဝါဒများချမှတ်ကာ ရှေ့ဆုံးကနေ ဦးဆောင်လမ်းပြအနေနဲ့ အကောင်အထည်ဖော်နေတာကိုလည်း တွေ့ရပါတယ်။

မကြာသေးမီက ရုရှားနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့မှာ ကျင်းပပြီးစီးသွားတဲ့ အရှေ့ဖျားစီးပွားရေးဖိုရမ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တက်ရောက်ဆွေးနွေးရာမှာလည်း ဘင်္ဂလားပင်လယ်အော်အတွင်းရှိ မြန်မာနိုင်ငံ၏ ရေပိုင်နက်အတွင်း သဘာဝဓာတ်ငွေ့ ကုဗပေ ၂ ထရီလီယံကျော် တွေ့ရှိပြီး မကြာမီ စီးပွားဖြစ်ထုတ်ယူနိုင်တော့မယ့်အခြေအနေ၊ အလားတူ အဲဒီသဘာဝဓာတ်ငွေ့သိုက်ထက် ပိုကြီးတဲ့ ဓာတ်ငွေ့သိုက်တစ်ခုကို တူးဖော်နိုင်တော့မယ့် အလားအလာတို့နဲ့အတူ နိုင်ငံအတွင်း သဘာဝဓာတ်ငွေ့ အခြေခံတဲ့စက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်တဲ့အတွက် ရင်းနှီးမြှုပ်နှံလိုသူများကိုဖိတ်ခေါ်ကြောင်း ပြောခဲ့ပါသေးတယ်။

ဒီနေရာမှာ စီးပွားရေးတိုးတက်မှုကို တိုင်းတာတဲ့အညွှန်းကိန်းများ တစ်ခုပြီးတစ်ခု တိုးတက်လာလေလေ နိုင်ငံရဲ့စီးပွားရေးလည်း တိုးတက်လာလေလေဖြစ်လာမှာ အမှန်ပါပဲ မဟုတ်ပါလား။

**မြန်မာ့စီးပွားရေးပျက်ယွင်းအောင် နည်းမျိုးစုံသုံးနှောင့်ယှက်**

ဒါကြောင့် ကျွန်တော့်ရဲ့တင်ပြချက်ကို ပြန်လည်အနှစ်ချုပ်ရမယ်ဆိုရင် ကမ္ဘာ့ဈေးကွက် ကမောက်ကမဖြစ်အောင် လုပ်ဆောင်သူတွေ၊ ပြည်တွင်း၊ ပြည်ပက နိုင်ငံရေးရည်မှန်းချက်ကြောင့် မြန်မာ့စီးပွားရေးပျက်ယွင်းအောင် နည်းမျိုးစုံသုံးနှောင့်ယှက်၊ လှုံ့ဆော်နေသူတွေကြောင့်သာ ကုန်ဈေးနှုန်းကြီးမြင့်နေရတာဖြစ်ပြီး ကုန်ဈေးနှုန်းကြီးမြင့်ခြင်းက နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှု/ကျဆင်းမှု အခြေအနေအပေါ် တိုက်ရိုက်အချိုးကျနေခြင်း မရှိပါဘူး။

အထက်မှာတင်ပြခဲ့တဲ့ စာရင်းအင်းအချက်အလက်တွေကို ပြန်ကြည့်ရင် တစ်ကမ္ဘာလုံး ရင်ဆိုင်ခံစားရတဲ့ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအချိန်ရဲ့နောက်ပိုင်းကာလတွေမှာ စီးပွားရေးတိုးတက်မှုနှုန်းက မထင်ထားလောက်အောင်မြင့်တက်လာတာကို တွေ့ရမှာပါ။

**ကဏ္ဍပေါင်းစုံ ကြိုးပမ်းအကောင်အထည်ဖော်**

ဆက်လက်ပြီးတော့လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံရဲ့စီးပွားရေး စဉ်ဆက်မပြတ်တိုးတက်စေဖို့အတွက် လုပ်ဆောင်ရာမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်တိုင် ရှေ့ဆုံးကနေ တက်တက်ကြွကြွပါဝင်ပြီး ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံကနေ ကြိုးပမ်းအကောင်အထည်ဖော်နေတာကိုလည်း မြင်တွေ့ရမှာပါ။

ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ပထဝီနိုင်ငံရေးကို အခြေတည်ပြီး အမေရိကန်ဦးဆောင်တဲ့ အနောက်အုပ်စုရဲ့ ဘက်ပေါင်းစုံကနေ တိုက်ခိုက်မှုကြီးကို ခံစားနေရတာပါ။ ချမှတ်ခံထားရတဲ့ အရေးယူပိတ်ဆို့မှုတွေဆိုရင်လည်း ဒုနဲ့ဒေးပါပဲ။

ဒီလို အခြေအနေမျိုးမှာတောင်မှ အရှုံးမပေးဘဲ နိုင်ငံတော်ကိုအဘက်ဘက်ကနေ တည့်မတ်ရင်း နိုင်ငံရဲ့စီးပွားရေး စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးလာအောင် အခက်အခဲတွေကြားက ကြိုးစားဖော်ဆောင်ပေးသူတွေရဲ့ စေတနာကို အချက်အလက်အပေါ် အခြေခံပြီး ကြည့်လှည့်ပါမှ နိုင်ငံရဲ့စီးပွားရေးတိုးတက်မှုကို မြင်တွေ့ရမှာဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

- **လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်(၆ လ)အတွင်းမှာ စီးပွားရေးသိသိသာသာ တိုးတက်လာတာကို တွေ့ရပါတယ်။ ဒီကာလအတွင်း စီးပွားရေးတိုးတက်မှုနှုန်းက ၃ ဒသမ ၈၀ ရာခိုင်နှုန်းအထိ မြင့်တက်လာတာကို အားရဖွယ်တွေ့ရပါတယ်**
- **ဒီနေရာမှာ အားရဖွယ်လို့သုံးရတဲ့ အကြောင်းရင်းက အနုတ် ၅ ဒသမ ၉၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားတဲ့ စီးပွားရေးကို ၃ ဒသမ ၈၀ ရာခိုင်နှုန်းအထိ တိုးတက်အောင်လုပ်ဆောင်နိုင်တာဟာ တော်တော်မြင့်မားတဲ့ စီးပွားရေးတိုးတက်မှုပမာဏလို့ ဆိုနိုင်တဲ့အတွက် ဖြစ်ပါတယ်**



(အရင်းအမြစ်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနထုတ် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များစာစောင်)

# SIM Card များ စနစ်တကျ ဝယ်ယူအသုံးပြုနိုင်ရေးနှင့် မှန်ကန်စွာမှတ်ပုံတင်သုံးစွဲနိုင်ရေး အသိပေးကြေညာချက်

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ စိစစ်ချက်များအရ SIM Card အသုံးပြုသူအချို့သည် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် စသည့်အချက်အလက်များကို မှန်ကန်စွာဖြည့်စွက်ခြင်းမရှိဘဲ အသုံးပြုလျက်ရှိနေကြသည်ကို တွေ့ရှိနေရပါသည်။

၂။ ယခုအခါ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ်တစ်မျိုးမျိုးကိုင်ဆောင်သူ (၅၂) သန်းကျော်အား National Database တည်ဆောက်၍ စာရင်းသွင်းပြီးဖြစ်ပါသည်။ ထို့ကြောင့် SIM Card မှတ်ပုံတင်ပြုလုပ်ရာတွင် ဖြည့်စွက်ထားသည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တို့အား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေးသွားမည် ဖြစ်သည့်အတွက် သုံးစွဲသူအများပြည်သူများအနေဖြင့် SIM Card များ ဝယ်ယူအသုံးပြုရာတွင် မိမိတို့၏ မှတ်ပုံတင်(မူရင်း)ဖြင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တို့ကို မှန်ကန်စွာဖြည့်စွက်၍ စနစ်တကျမှတ်ပုံတင်နိုင်ပြီးမှသာ အသုံးပြုကြရန် လိုအပ်ပါသည်။ လက်ရှိအသုံးပြုနေသည့် SIM Card များတွင် အချက်အလက်များအား မှန်ကန်စွာ ဖြည့်စွက်ထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါက အဆိုပါ SIM Card များကို အပြီးပိတ်သိမ်းသွားမည်ဖြစ်ပါကြောင်းနှင့် ပိတ်သိမ်း SIM Card များရှိ လက်ကျန်ငွေများအား ပြည့်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသွားမည်ဖြစ်ကြောင်း အသိပေးဖော်ပြပါသည်။

၃။ ဆက်သွယ်ရေးအော်ပရေတာများနှင့် SIM Card ရောင်းချသူများအနေဖြင့်လည်း SIM Card များ ရောင်းချရာတွင်လည်းကောင်း၊ အချက်အလက်များ မှန်ကန်စွာ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ရာတွင်လည်းကောင်း ညွှန်ကြားချက်များနှင့်အညီ စနစ်တကျဆောင်ရွက်သွားရန်နှင့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဆက်သွယ်ရေးအော်ပရေတာများအနေဖြင့် မိမိတို့၏ SIM Card အသုံးပြုသူများထံသို့ SMS ပေးပို့၍ သတိပေးဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ သုံးစွဲသူ အများပြည်သူများအနေဖြင့် SIM Card များ ဝယ်ယူအသုံးပြုရာတွင် မိမိတို့၏ အချက်အလက်များကို မှန်ကန်စွာ ဖြည့်စွက်၍ မှတ်ပုံတင်ဝယ်ယူသုံးစွဲကြပါရန်နှင့် လက်ရှိ အသုံးပြုလျက်ရှိသော SIM Card များကိုလည်း အချက်အလက်မှန်ကန်စွာ မှတ်ပုံတင်ထားခြင်း ရှိ/မရှိ ပြန်လည်စစ်ဆေး၍ မမှန်ကန်ပါက မိမိတို့ အမှန်တကယ်သုံးစွဲနေသော SIM Card များကို ပိတ်သိမ်းခံရမှုမရှိစေရေးအတွက် သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများ၏ Online ဝန်ဆောင်မှုဖြင့်လည်းကောင်း၊ အရောင်းဆိုင်များ၊ Mobile Shop များတွင်လည်းကောင်း အချက်အလက်မှန်ကန်စွာဖြင့် ဆက်လက်ထုတ်ပြန်မည့် သတ်မှတ်ရက်မတိုင်မီ ပြန်လည်ပြင်ဆင် မှတ်ပုံတင်၍ သုံးစွဲကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

# မိဘပြည်သူများသို့ အသိပေးထုတ်ပြန်ချက်

မိဘပြည်သူများအနေဖြင့် အောက်ဖော်ပြပါ နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ (အထစ)နှင့်ပတ်သက်၍ အခက်အခဲများအား သက်ဆိုင်ရာ မြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်နိုင်ကြောင်း အသိပေးအပ်ပါသည်-

**၁။ နိုင်ငံသားစိစစ်ရေးကတ်**

(က) နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး/ပျက်စီးနေသူများသည် သက်ဆိုင်ရာ မြို့နယ် လဝကရုံးများသို့ သွားရောက်သတင်းပို့ ဖြေရှင်းရမည်။

( ခ ) အသက် (၁၀) နှစ်ပြည့်ပြီးသော်လည်း နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်ရသေးသော သူများသည် သက်ဆိုင်ရာမြို့နယ် လဝကရုံးများတွင် သွားရောက်ပြုလုပ်ခြင်း၊ ပန်းခင်းစီမံချက်များဖြင့် ပြုလုပ်ခြင်းများကို ဆောင်ရွက်နိုင်သည်။

( ဂ ) အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပြီးသော်လည်း သတ်မှတ်ထားသော အသက်အပိုင်းအခြားအတိုင်း ပြန်လည်လဲလှယ်ရန် လိုအပ်ပါသည်။

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပါ အချက်အလက်များ ကွဲလွဲမှုရှိပါက သက်ဆိုင်ရာ မြို့နယ်လဝကရုံးများတွင် သွားရောက်ပြင်ဆင်ရမည်။

( င ) နိုင်ငံသားစိစစ်ရေးကတ် တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားရှိခြင်း မပြုရ။ ကိုင်ဆောင်ထားခြင်းရှိပါက သက်ဆိုင်ရာ မြို့နယ်လဝကရုံးများတွင် အမြန်သွားရောက်အပ်နှံရမည်။ (၁-၁၁-၂၀၂၂) ရက်နေ့အထိ ကတ်အပိုများ အပ်နှံခြင်း မပြုပါက နောက်ဆုံးထုတ်ယူသော နိုင်ငံသားကတ်ကိုသာ အတည်ပြု၍ ယခင်ကတ် အပိုများအား ပယ်ဖျက်စာရင်းသွင်းပါမည်။

( စ ) အမျိုးသားမှတ်ပုံတင် သက်သေခံကတ်ပြား (အမတ) ကိုင်ဆောင်ထားသူများသည် သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် သွားရောက်၍ နိုင်ငံသားစိစစ်ရေးကတ်သို့ ပြောင်းလဲရမည်။ (ပြောင်းလဲခွင့်ရှိသူများသာ)။

(ဆ) မိမိနိုင်ငံသားစိစစ်ရေးကတ်အား အခြားသူတစ်ဦးမှ ကိုင်ဆောင်ထားသည်ဟု သံသယရှိပါက သက်ဆိုင်ရာ မြို့နယ်လဝကရုံးများတွင် သွားရောက်သတင်းပို့ရမည်။

**၂။ ပုံစံ ၆၆/၆ အိမ်ထောင်စုလူဦးရေစာရင်း(အထစ)**

(က) ပုံစံ ၆၆/၆ (အထစ) ပျောက်ဆုံး/ပျက်စီးနေသူများသည် သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်သတင်းပို့ ဖြေရှင်းရမည်။

( ခ ) ပုံစံ ၆၆/၆ (အထစ)တွင် ပါဝင်သော အိမ်ထောင်စုဝင်များသည် နိုင်ငံသားစိစစ်ရေးကတ်ရရှိပါက နိုင်ငံသားစိစစ်ရေးကတ်အမှတ်အား မြို့နယ်လဝကရုံးများတွင် မဖြစ်မနေဖြည့်သွင်းရမည်။

( ဂ ) ပုံစံ ၆၆/၆ (အထစ) အချက်အလက်များနှင့် နိုင်ငံသားစိစစ်ရေးကတ်ပါ အချက်အလက်များ ကွဲလွဲနေပါက သက်ဆိုင်ရာ မြို့နယ်လဝကရုံးများတွင် သွားရောက်ပြင်ဆင်ရမည်။ (ဥပမာ-နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ အမည်၊ မွေးသက္ကရာဇ်၊ အဖအမည်၊ အမိအမည်)။

(ဃ) ပုံစံ ၆၆/၆ (အထစ) (၁) ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားသူများသည် သက်ဆိုင်ရာ မြို့နယ်လဝကရုံးများသို့ အမြန်သွားရောက် သတင်းပို့ဖြေရှင်းရမည်။ (ဥပမာ-ပုသိမ်တွင် အထစပြုလုပ်ထားသော်လည်း ရန်ကုန်တွင် အထစ ထပ်မံပြုလုပ်ထားရှိခြင်း)။ (၁-၁၁-၂၀၂၂) ရက်နေ့အထိ ပုံစံ ၆၆/၆ (အထစ) အပိုများ အပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူထားသော ပုံစံ ၆၆/၆ (အထစ) ကိုသာ အတည်ပြု၍ ယခင်ပုံစံ ၆၆/၆ (အထစ)များအား ပယ်ဖျက်စာရင်းသွင်းပါမည်။

( င ) ပုံစံ ၆၆/၆ (အထစ) အချက်အလက်များ (ပြောင်းဝင်/ ပြောင်းထွက်/ မွေးဖွား/ သေဆုံးခြင်း)၊ ပြောင်းလဲမှုရှိသည့်အခါတိုင်း သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်၍ နောက်ဆုံးအခြေအနေနှင့်အညီ ပြင်ဆင်မှုများကို ဆောင်ရွက်ရမည်။

( စ ) မည်သည့်အရပ်ဒေသတွင်မှ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ (အထစ) မရှိသေးသူများသည် နီးစပ်ရာမြို့နယ်လဝကရုံးများသို့ သတင်းပို့၍ ပန်းခင်းစီမံချက်အရ စိစစ်ဆောင်ရွက်ပေးမည်။

၃။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ်တစ်မျိုးမျိုးကိုင်ဆောင်သူ (၅၂)သန်းကျော်အား စာရင်းသွင်းပြီးဖြစ်သဖြင့် သတ်မှတ်ကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်နှင့် အခြားအသိအမှတ်ပြုကတ်များ၊ ပုံစံ ၆၆/၆ အိမ်ထောင်စုလူဦးရေစာရင်းများ ကွဲလွဲခြင်း၊ အပိုကိုင်ဆောင်ခြင်းများအား နီးစပ်ရာ မြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်**
**ပြည်သူ့အင်အားဝန်ကြီးဌာန**

# အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာချက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် လုံခြုံ၍စွမ်းရည်ပြည့်ဝသော အမျိုးသားငွေပေးချေမှုစနစ်တစ်ရပ် ပေါ်ပေါက်လာစေရန် ဆောင်ရွက်လျက်ရှိရာ နည်းပညာများတိုးတက်လာသည်နှင့်အမျှ မိုဘိုင်းငွေပေးချေမှုများမှတစ်ဆင့် ငွေကြေးလွှဲပြောင်းဝန်ဆောင်မှုလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ကြပြီဖြစ်ပါသည်။

သို့ရာတွင် မသမာသူများမှ အချက်အလက်များ မှန်ကန်စွာဖြည့်စွက်ခြင်းမရှိဘဲ မိုဘိုင်းငွေပေးချေမှုအချို့အား အသုံးချ၍ မသမာသည့်နည်းလမ်းဖြင့် တရားမဝင်ငွေလွှဲပြောင်းမှုများနှင့် ငွေကြေးလိမ်လည်မှုများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ထိုသို့ ငွေကြေးလိမ်လည်မှုများကြောင့် အများပြည်သူများ၏ နစ်နာဆုံးရှုံးမှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် ဆက်သွယ်ဆောင်ရွက်သူများအနေဖြင့် ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များအား မှန်ကန်ပြည့်စုံစွာ ဖြည့်သွင်းထားမှသာလျှင် ဖြေရှင်းဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ထို့အပြင် နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုများ ဆောင်ရွက်ရာတွင်လည်း ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်သွားရန် လိုအပ်လျက်ရှိပါသည်။

ယခုအခါ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ်တစ်မျိုးမျိုးကိုင်ဆောင်သူ (၅၂) သန်းကျော်အား National Database တည်ဆောက်၍ စာရင်းသွင်းပြီးဖြစ်ပါသည်။ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများတွင် ဆောင်ရွက်ရသည့် အီလက်ထရောနစ်စနစ်ဖြင့် ဆက်သွယ်ဆောင်ရွက်သူများအား ကောင်းစွာသိရှိခြင်း (Electronic – Know Your Customer (e-KYC)) လုပ်ငန်းစဉ်အား နိုင်ငံတကာစံနှုန်းများနှင့်အညီ မိုဘိုင်းငွေကြေးစာရင်းများတွင် ဖြည့်စွက်ထားသည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဆင်းမ်ကတ်နံပါတ်တို့အား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database နှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဆင်းမ်ကတ်မှတ်ပုံတင်ခြင်း ဒေတာဘေ့စ်(SIM Registration Database)များရှိ အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေးခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ကြောင့် အသုံးပြုသူများအနေဖြင့် ဆက်သွယ်ဆောင်ရွက်သူများအား ကောင်းစွာသိရှိခြင်း (KYC) အချက်အလက်များ ပြည့်စုံစွာဖြည့်စွက်သွားရန်လိုအပ်ပါသည်။ အချက်အလက်ဖြည့်သွင်းခြင်းအား သတ်မှတ်ကာလအတွင်း ဆောင်ရွက်နိုင်ခြင်းမရှိသည့် မိုဘိုင်းငွေကြေးစာရင်းများအား အပြီးတိုင် ပိတ်သိမ်းသွားမည်ဖြစ်ပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ တရားဝင်ခွင့်ပြုချက်ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသော ဘဏ်ဦးဆောင်မှုပုံစံဖြင့် ဆောင်ရွက်လျက်ရှိသည့် မိုဘိုင်းပေးဝန်ဆောင်မှုလုပ်ငန်းများ၊ မိုဘိုင်းဘဏ်လုပ်ငန်းဆောင်ရွက်ခွင့် ရရှိထားသောဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းသည့်စနစ်ဝန်ဆောင်မှုလုပ်ငန်း စသည့်မိုဘိုင်းငွေပေးချေမှု အသုံးပြုသူများအနေဖြင့် နီးစပ်ရာကိုယ်စားလှယ် (Agent) များ/ ဘဏ်များသို့ သွားရောက်၍ မိမိတို့၏ကိုယ်ရေးအချက်အလက်များအား အဆင့် ၂ (Level 2)အဆင့်သို့ ဆက်လက်ထုတ်ပြန်မည့် သတ်မှတ်ရက်မတိုင်မီ အဆင့်မြှင့်တင်ရန် လိုအပ်ပါသည်။ မိုဘိုင်းငွေကြေးဝန်ဆောင်မှုပေးသူများအနေဖြင့် KYC အား Level 1 မှ Level 2 သို့ အဆင့်မြှင့်တင်နိုင်ရေးအတွက် သုံးစွဲသူများထံသို့ SMS ပေးပို့ခြင်းအား ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆင့် ၂ (Level 2) သို့ တိုးမြှင့်လိုခြင်းမရှိသော မိုဘိုင်းငွေကြေးစာရင်းပိုင်ရှင်များအနေဖြင့် မိမိတို့လက်ကျန်ငွေများအား အသုံးပြုနိုင်မည့်နည်းလမ်းများကို ဘဏ်များ၊ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်သွယ်ဆောင်ရွက်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

# အာဆီယံ MICE (Meeting, Incentive, Convention, Exhibition) စံနှုန်းများဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၂**

ကမ္ဘာလုံးဆိုင်ရာ စာရင်းဇယားများအရ Meeting, Incentive, Convention, Exhibition (MICE) ခရီးသွားလုပ်ငန်း၏ ဝင်ငွေသည် ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၃၄ ဘီလီယံ ကျော်ရှိပြီး ၂၀၂၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၆၁၉ ဒသမ ၃ ဘီလီယံကျော်အထိ ရောက်ရှိရန် မျှော်မှန်းထားကြောင်း၊ MICE ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် အလုပ်အကိုင်အခွင့်အလမ်းများကို ၂၀၁၉ ခုနှစ်တွင် ၄ ဒသမ ၇ သန်း ရှာဖွေပေးနိုင်ခဲ့ပြီး နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အကျိုးကျေးဇူးများစွာ ပေးစွမ်းနိုင်သည့်အတွက် MICE ခရီးသွားလုပ်ငန်းမှာ စနစ်တကျနှင့် အလေးထားဆောင်ရွက်သင့်သော ကဏ္ဍတွင် ပါဝင်လျက်ရှိသည်။

အဆိုပါ MICE ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ကိုင်ဆောင်ရွက်နေသော ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍမှ အစိုးရနှင့် ပုဂ္ဂလိကခရီးသွားလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသူများအနေနှင့် အာဆီယံမှ ထုတ်ပြန်ထားသော MICE ဆိုင်ရာ စံနှုန်းများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးနှင့် သတ်မှတ်စံနှုန်းများနှင့်အညီ စနစ်တကျ လိုက်ပါဆောင်ရွက်နိုင်ရေး ရည်ရွယ်၍ အာဆီယံ MICE စံနှုန်းများဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

အသိပညာပေးဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်က မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအတွက် Forbes website မှ ထုတ်ပြန်ထားသော သုတေသနလေ့လာချက်အရ The World's 50 Most Beautiful Countries စာရင်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သော အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်း စသည်နိုင်ငံများနှင့်အတူ မြန်မာနိုင်ငံအနေဖြင့် အမှတ်စဉ်(၄၁)တွင် ပါဝင်လာခဲ့ပါကြောင်း၊ နိုင်ငံအလိုက် Natural Wonders များအပေါ်တွင် Survey ဖြေဆိုသူများ၏ အကဲဖြတ်ရလဒ်များဖြစ်သည့်အတွက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းကဏ္ဍတွင် အလားအလာကောင်းများ ရှိနေကြောင်း ပြောကြားသည်။





အာဆီယံ MICE (Meeting Venue) စံနှုန်းကို ထိုင်းနိုင်ငံက ဦးဆောင်ရေးဆွဲခဲ့ပြီး အစည်းအဝေးခန်းမစံနှုန်းကို ၂၀၁၆ ခုနှစ် မတ်လတွင် အတည်ပြုခဲ့ကြောင်း၊ စံနှုန်းများကို အဓိကအားဖြင့် Physical အပိုင်း၊ Technology အပိုင်းနှင့် Services အပိုင်း စသည်ဖြင့် အခြေခံသုံးမျိုးကို ဦးတည်ထားကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ MICE အစည်းအဝေးခန်းမဆု ၁၂ ခုရရှိထားပြီး ပြပွဲခန်းမဆိုင်ရာစံနှုန်းကို ၂၀၁၈ ခုနှစ်တွင် အတည်ပြုထုတ်ပြန်ခဲ့ကာ ယခုနှစ် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် – ၂၀၂၂ ၌ ပထမအကြိမ်အနေဖြင့် ပေးအပ်ချီးမြှင့်ခဲ့ရာ မြန်မာနိုင်ငံမှ Exhibition Venue ဆုနှစ်ခု ရယူထားခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဘာသာရပ်ဆိုင်ရာ အရာထမ်းများက အာဆီယံ MICE (Event) စံနှုန်းများ၊ Exhibition စံနှုန်းများနှင့် Meeting စံနှုန်းများအကြောင်းကို ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အနာဂတ်ကြယ်ပွင့်ကလေးများပရဟိတဂေဟာတွင် ပညာသင်ကြားလျက်ရှိသော တိုင်းရင်းသားလူငယ်များကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ဆန်၊ ဆီနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၂**

တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာနမှ အနာဂတ်ကြယ်ပွင့်ကလေးများ ပရဟိတဂေဟာသို့ ဆန် ၁၀ အိတ်၊ ဆီ ၁၀ ပိဿာနှင့် ငွေကျပ် လေးသိန်းတို့ကို ယနေ့ ညနေပိုင်းက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထောက်ပံ့ပေးအပ်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က အနာဂတ် ကြယ်ပွင့်ကလေးများ ပရဟိတဂေဟာမှ သားငယ် သမီးငယ် ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်မှတ်ပုံတင်ကိစ္စ အကူအညီတောင်းခံလာခြင်းမှ ဤပရဟိတဂေဟာကို သိရှိ၍ လာရောက်ရခြင်းဖြစ်ပါကြောင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ပြီး စည်းကမ်းပြည့်ဝသော လူငယ်များအဖြစ် နေထိုင်ကျင့်ကြံရမည် ဖြစ်ပါကြောင်း၊ ပညာကို ကြိုးစားရှာဖွေကြရမည်ဖြစ်ပါကြောင်း၊ ရည်မှန်းချက်ပန်းတိုင်ကို တစိုက်မတ်မတ် လုပ်ဆောင်ကြရမည် ဖြစ်ပါကြောင်း တွေ့ဆုံအားပေးစကား ပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ကျောင်းသားကျောင်းသူ လူငယ်များကို အားပေးစကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဆန်၊ ဆီနှင့် ငွေကျပ် လေးသိန်းတို့ကို ထောက်ပံ့လှူဒါန်းရာ သိက္ခာတော်ရဆရာတော် ဦးလင်းထန်က လက်ခံရယူပြီး အနာဂတ်ကြယ်ပွင့်ကလေးများ ပရဟိတဂေဟာမှ သားငယ် သမီးငယ်များက အကများနှင့် သီချင်းများဖြင့် ကပြသီဆိုဖျော်ဖြေခဲ့ကာ သိက္ခာတော်ရဆရာတော်က ကျေးဇူးတင်စကား ပြောကြားသည်။




နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ အနာဂတ်ကြယ်ပွင့်ကလေးများ ပရဟိတဂေဟာတွင် ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်၊ တွန်းဇံမြို့နယ်၊ ပလက်ဝမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်တို့မှ ချင်းတိုင်းရင်းသား တိုင်းရင်းသူ ၃၂ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်နှင့် လဟယ်မြို့နယ်တို့မှ နာဂ တိုင်းရင်းသား တိုင်းရင်းသူ ၂၄ ဦးနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ်မှ အာခါတိုင်းရင်းသား တိုင်းရင်းသူ လေးဦး စုစုပေါင်း ၆၀ လာရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်၏ Digital Transformation လုပ်ငန်းစဉ်၌ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများ၊ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ပူးပေါင်းပါဝင်နိုင်ရေးဖိတ်ခေါ်

**နေပြည်တော် စက်တင်ဘာ ၂၂**

နေပြည်တော်၏ Digital Transformation လုပ်ငန်းစဉ်၌ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများ၊ မိတ်ဖက် အဖွဲ့အစည်းများအနေဖြင့် ပူးပေါင်းပါဝင်နိုင်ရေး နေပြည်တော် မြို့တော်ဝန် ဦးတင်ဦးလွင်က ဖိတ်ခေါ်လိုက်သည်။

ယမန်နေ့ ညနေပိုင်းက ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာဇန်မြို့၌ ကျင်းပသည့် International Forum Kazan Digital Week–2022 ၏ Mayor's Round Table ဖိုရမ်သို့ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်သည် Online ဖြင့် တက်ရောက်မိန့်ခွန်းပြောကြားရာတွင် ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်သည်။






International Forum Kazan Digital Week – 2022 ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာဇန်မြို့၌ စက်တင်ဘာ ၂၁ ရက်မှ ၂၄ ရက်အထိ ကျင်းပလျက်ရှိကြောင်း၊ Mayor's Round Table ဖိုရမ်ကို "Digital Transformation of the City Management (မြို့တော်များ၏ စီမံခန့်ခွဲမှုအား Digital အသွင်ပြောင်းခြင်း)" ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၂၁ ရက်က သီးခြားကျင်းပခဲ့ရာ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်က နေပြည်တော်မြို့တော်၏ စီမံခန့်ခွဲအုပ်ချုပ်မှုကို Digital နည်းပညာဖြင့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ပူးပေါင်း၍ Corruption Prevention Unit (CPU) ဖွဲ့စည်းပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို ICT နည်းပညာအသုံးပြု၍ ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ စည်ပင်သာယာရေး လုပ်ငန်းနှင့် ပတ်သက်သည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေမှု ရှိ၊ မရှိကို Onlineမှ တစ်ဆင့် ပြည်သူလူထုထံမှ သဘောထားမှတ်ချက်များ ရယူဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုလုပ်ငန်းများကို Digital နည်းပညာအသုံးပြု၍ ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ အများပြည်သူ ဝန်ဆောင်မှုလုပ်ငန်းများတွင် e–Government စနစ် အကောင်အထည်ဖော်လျက်ရှိသည့် အခြေအနေ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီသို့ ပေးဆောင်ရန်ရှိသည့် ရေဖိုးရေခများကို e–Payment စနစ်ဖြင့် ပေးဆောင်နိုင်သည့် အခြေအနေ၊ နေပြည်တော်ကို Safe City အဖြစ် တည်ဆောက်လျက်ရှိသည့် အခြေအနေနှင့် နေပြည်တော်အတွက် GIS Database တည်ဆောက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါဖိုရမ်သို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တူကီယဲသမ္မတနိုင်ငံ၊ မော်လ်ဒိုဗာနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကာဂျစ်စတန်နိုင်ငံတို့မှ မြို့တော်ဝန်များနှင့် အကြီးအကဲများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ အကြိမ်(၂၀)မြောက် သတင်းစာရှင်းလင်းပွဲ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ အကြိမ် (၂၀) မြောက် သတင်းစာရှင်းလင်းပွဲကို စက်တင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

*(ယမန်နေ့မှအဆက်)*

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် စက်တင်ဘာ ၁၆ ရက်တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အနေဖြင့် လုံခြုံ၍ စွမ်းရည် ပြည့်ဝသည့် အမျိုးသား ငွေပေးချေမှုစနစ်တစ်ရပ် ပေါ်ပေါက်လာစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ မသမာသူများသည် အချက်အလက်များမှန်ကန်စွာ ဖြည့်စွက်ခြင်း မရှိဘဲ မိုဘိုင်းငွေပေးချေမှုအချို့အား မသမာသည့် နည်းလမ်းဖြင့် တရားမဝင်ငွေ လွှဲပြောင်းမှုနှင့် ငွေကြေးလိမ်လည်မှုများကို လုပ်ဆောင်လျက်ရှိကြောင်း၊ ထိုကဲ့သို့ ငွေကြေးလိမ်လည်မှုများကြောင့် ပြည်သူများအတွက် နစ်နာဆုံးရှုံးမှုများရှိလာခဲ့သည့်အတွက် ဆက်သွယ်ဆောင်ရွက်သူများ အနေဖြင့် ကိုယ်ရေးအချက်အလက်များကို မှန်ကန်ပြည့်စုံစွာ ဖြည့်သွင်းပြီးမှသာလျှင် ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

## နိုင်ငံတကာစံနှုန်းများနှင့်အညီ တိုက်ဆိုင်စစ်ဆေးခြင်းများ ဆောင်ရွက်သွားမည်

ထို့ကြောင့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများတွင် နိုင်ငံတကာ စံနှုန်းများနှင့်အညီ မိုဘိုင်းငွေရေးကြေးရေးစာရင်းများ ဖြည့်စွက်ထားသည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအချက်အလက်နှင့် ဆင်းကတ်နံပါတ်တို့အား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အီလက်ထရောနစ် မှတ်ပုံတင်ခြင်း ဒေတာဘေ့စ်(e-ID Database) နှင့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဆင်းကတ်မှတ်ပုံတင်ခြင်း ဒေတာဘေ့စ် (SIM Registration Database)များရှိ အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အချက်အလက်ဖြည့်သွင်းခြင်းအား ကာလတစ်ခုအတွင်း ဆောင်ရွက်နိုင်ခြင်းမရှိသည့်မိုဘိုင်း ငွေကြေးစာရင်းများအား အပြီးတိုင် ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ကြောင့် နိုင်ငံတော်ဗဟိုဘဏ်၏ တရားဝင်ခွင့်ပြုချက်ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် Mobile-Pay ဝန်ဆောင်မှုလုပ်ငန်းများ၊ မိုဘိုင်းဘဏ်လုပ်ငန်းဆောင်ရွက်ခွင့်ရရှိထားသည့် ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းသည့်စနစ် ဝန်ဆောင်မှုလုပ်ငန်းစသည့် မိုဘိုင်းငွေပေးချေမှု အသုံးပြုသူများအနေဖြင့် နီးစပ်ရာကိုယ်စားလှယ် (Agent)များ၊ ဘဏ်များသို့ သွားရောက်၍ မိမိတို့၏ ကိုယ်ရေးအချက်အလက်များအား အဆင့်-၂ (Level-2)အဆင့်သို့ အချိန်မီ မြှင့်တင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ အဆင့် ၂ (Level-2)သို့ တိုးမြှင့်လိုခြင်း မရှိသည့် မိုဘိုင်းငွေကြေး စာရင်းပိုင်ရှင်များအနေဖြင့် မိမိတို့လက်ကျန်ငွေများကို အသုံးပြုနိုင်မည့် နည်းလမ်းများ၊ ဘဏ်များ၊ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်သွယ်ဆောင်ရွက်ရန်လိုသည်ဟု အသိပေးလိုကြောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် Sim Card များကို စနစ်တကျ ဝယ်ယူအသုံးပြုနိုင်ရေးနှင့် မှန်ကန်စွာ မှတ်ပုံတင်သုံးစွဲနိုင်ရေးတို့အတွက် အသိပေးကြေညာချက် ထုတ်ပြန်ခဲ့ကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အခြား အသိအမှတ်ပြုကတ်များ၊ ပုံစံ ၆၆/၆ အိမ်ထောင်စု လူဦးရေစာရင်းကွဲလွဲခြင်း၊ အပိုကိုင်ဆောင်ခြင်းတို့နှင့်ပတ်သက်၍ ကြေညာချက်များ ထုတ်ပြန်ခဲ့ကြောင်း၊ အဆိုပါကြေညာချက်များမှာ နိုင်ငံသားများအားလုံးသိရှိထားရမည့် ကြေညာချက်များဖြစ်ကြောင်း၊ ယခုကဲ့သို့ လုပ်ဆောင်နေရသည့် အကြောင်းအရင်းမှာ နိုင်ငံတော်နှင့် ပြည်သူလူထု၏ ငွေရေးကြေးရေးဆိုင်ရာ လုံခြုံမှု၊ ကိုယ်ရေးအချက်အလက်ဆိုင်ရာ လုံခြုံမှုများနှင့် အကြမ်းဖက်မှု နှိမ်နင်းတားဆီးနိုင်ရန်ဖြစ်သည်ဟု အသိပေးလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် EAO အဖွဲ့များ ငြိမ်းချမ်းရေးဆိုင်ရာ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးမှု မှတ်တမ်းဓာတ်ပုံများ။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် EAO အဖွဲ့များ ငြိမ်းချမ်းရေးဆိုင်ရာ ကိုယ်စားလှယ်များ ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးမှု မှတ်တမ်းဓာတ်ပုံများ။



နိုင်ငံတော်၏ ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် EAO အဖွဲ့များ ငြိမ်းချမ်းရေးဆိုင်ရာ ကိုယ်စားလှယ်များအား ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးမှု မှတ်တမ်းဓာတ်ပုံများ။

## ရုရှား- မြန်မာ အစိုးရအချင်းချင်း MIR Card သုံးစွဲနိုင်ရေးအတွက် အမြန်ဆုံးချိတ်ဆက် ဆောင်ရွက်သွားမည်

မိမိအနေဖြင့် အဓိက အသိပေးပြောကြားလိုသည်မှာ ရုရှားနိုင်ငံခရီးစဉ်၌ ဗဟိုဘဏ်အချင်းချင်း ဆွေးနွေးမှုများရှိခဲ့ကြောင်း၊ စီးပွားရေးနှင့်ကုန်သွယ်မှုဆိုင်ရာ ဆက်စပ်လုပ်ငန်းများတွင် ရုရှားရူဘယ်နှင့် မြန်မာကျပ်ငွေတို့ တိုက်ရိုက်ပေးချေနိုင်ရေး၊ ငွေပေးချေမှုစနစ်အား ဆောလျင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ရုရှားနိုင်ငံက ပြုလုပ်သည့် MIR Card ကို လျင်မြန်စွာ အသုံးပြုနိုင်ရန်အတွက် ရုရှားငွေရေးကြေးရေးအဖွဲ့အစည်းများက ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရုရှားနိုင်ငံ၏ MIR Card ကို မြန်မာနိုင်ငံ၏ ငွေပေးချေမှုစနစ်တွင် အသုံးပြုနိုင်ရေးအတွက် ဆွေးနွေးလျက်ရှိကြောင်း၊ လာမည့်နိုဝင်ဘာလအတွင်း တတိယအကြိမ် ရုရှား- မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ကော်မရှင် အစည်းအဝေးရှိကြောင်း၊ အဆိုပါ အစည်းအဝေး မတိုင်မီ ရုရှားနိုင်ငံဗဟိုဘဏ်ငွေကြေးဆိုင်ရာ စာတိုပို့စနစ် (Financial Messaging System of the Bank of Russia- SPFS)စသည့် ရုရှားနိုင်ငံ၏ MIR Card သုံးစွဲနိုင်ရေးအတွက် အမြန်ဆုံးချိတ်ဆက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုအချိန်တွင် ရူဘယ်နှင့် ကျပ် တိုက်ရိုက်ပေးချေမှုများ ပြုလုပ်နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ ထိုကဲ့သို့ တိုက်ရိုက်ပေးချေမှုများ ပြုလုပ်နိုင်ရန်အတွက် မြန်မာနိုင်ငံရှိ ဘဏ်များအနေဖြင့် ရုရှားဘဏ်များတွင် အကောင့်များ ဖွင့်လှစ်ရန်နှင့် SPFS အသုံးပြုရန် အရေးပါလာမည်ဖြစ်ကြောင်း၊ ရူဘယ်နှင့် ကျပ် တိုက်ရိုက်ပေးချေရာတွင် ဘဏ်၏ လုံခြုံရေးစနစ်နှင့် နည်းပညာ သတင်းအချက်အလက်စနစ်များ အသင့်အနေအထားရှိရမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ ဗဟိုဘဏ်များအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို မြန်မာနိုင်ငံအနေဖြင့် လက်မှတ်ရေးထိုးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း၊ MoU လက်မှတ်ရေးထိုးပြီးပါက နှစ်နိုင်ငံဗဟိုဘဏ်များအကြား အကျိုးရှိထိရောက်စွာ ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် နိုင်ငံကောင်းကျိုးကို လိုလားသည့် တိုင်းရင်းသားစီးပွားရေး ရင်းနှီးမြှုပ်နှံလိုသူများအတွက် အစဉ်အမြဲ လမ်းဖွင့်ပေးထားသည်ဟု တင်ပြလိုကြောင်း ပြောကြားသည်။

ဆက်လက်ပြီး **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ငြိမ်းချမ်းရေးဆိုင်ရာ ဆောင်ရွက်မှုများကို** တင်ပြလိုကြောင်း၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ EAO အဖွဲ့ ၁၀ ဖွဲ့နှင့် ပထမအကြိမ် တွေ့ဆုံပြီးဖြစ်ကြောင်း၊ ဒုတိယအကြိမ်အဖြစ် EAO အဖွဲ့ ခြောက်ဖွဲ့နှင့် တွေ့ဆုံပြီးဖြစ်ကြောင်း၊ ဆက်လက်၍ ကျန်အဖွဲ့ လေးဖွဲ့နှင့် တွေ့ဆုံသွားမည်ဖြစ်ကြောင်း၊ ညှိနှိုင်းရေးအဖွဲ့နှင့် (၈၆)ကြိမ် တွေ့ဆုံခဲ့ပြီးဖြစ်ကြောင်း။

ထိုသို့တွေ့ဆုံရာတွင် **(တစ်) ပြည်ထောင်စုသဘောတူညီချက်အစိတ်အပိုင်း(၁)၊ (၂)နှင့်(၃) တို့တွင် ပါဝင်သည့် သဘောတူညီချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နှင့်တည်ဆဲဥပဒေများနှင့် ကိုက်ညီမှု ရှိ/မရှိ ညှိနှိုင်းရေးကော်မတီ၏ လေ့လာဆန်းစစ်သုံးသပ်ချက်များ၊ (နှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါဇယား ၁ ပြည်ထောင်စု ဥပဒေပြုစာရင်းနှင့် ဇယား ၂ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတို့နှင့် ပတ်သက်သည့် ကိစ္စရပ်များ၊ (သုံး) (၉) ကြိမ်မြောက် JICM ဆုံးဖြတ်ချက်အရ ဆက်လက်ညှိနှိုင်းဆွေးနွေးရမည့် ၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်များနှင့် အဆင့်လိုက်အကောင်အထည်ဖော်မှု(ဇယား-၂)** တို့ကို ဆွေးနွေးခဲ့ကြကြောင်း၊ ဆွေးနွေးခဲ့သည့်ကိစ္စရပ်များအပေါ် သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီး၏ ရည်မှန်းချက်များနှင့် သဘောထားများကို

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*
အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း၊ ထိုသို့ဆွေးနွေးရာတွင် သဘောတူညီချက်များ ရယူနိုင်ခဲ့သကဲ့သို့ ဆက်လက်ညှိနှိုင်းလိုသည့် အချို့ကိစ္စရပ်များကိုမူ နောက်တစ်ကြိမ် ဆွေးနွေးပွဲများတွင် ဆက်လက်ဆွေးနွေးသွားကြရန် သဘောတူညီခဲ့ကြောင်း။

**အနာဂတ်လုပ်ငန်းစဉ်များ အတိုင်းအတာတစ်ခုအထိ ရှေ့သို့ရောက်အောင်သွားနိုင်ပြီဖြစ်**

လက်ရှိအခြေအနေသည် အဖွဲ့အစည်းအသီးသီး၏ ရည်မှန်းချက်များနှင့် လိုလားချက်များကို ပွင့်ပွင့်လင်းလင်း ချပြဆွေးနွေးညှိနှိုင်း၍ သဘောတူညီချက်များ ရယူထားကြရန် အချိန်အခါကောင်းဖြစ်သည်ဟုလည်း ထပ်မံအသိပေးလိုကြောင်း၊ တွေ့ဆုံဆွေးနွေးသူများအနေဖြင့် တွေ့ဆုံမှုအပေါ် မူတည်၍ နိုင်ငံရေးလိုလားချက်များ၊ လိုအပ်ချက်များနှင့် အနာဂတ်လုပ်ငန်းစဉ်များကို အတိုင်းအတာတစ်ခုအထိ ရှေ့သို့ရောက်အောင် သွားနေနိုင်ပြီဖြစ်သည်ဟု ပြောကြားသည်။

ဆက်လက်ပြီး **၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဩဂုတ် ၃၁ ရက်အတွင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ဘေးအန္တရာယ်ဆိုင်ရာကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်များနှင့် IDP များနှင့် ပတ်သက်သည့် လုပ်ဆောင်ထားရှိမှုများကို တင်ပြသွားမည်ဖြစ်ကြောင်း၊** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန် စတင်ထမ်းဆောင်ခဲ့သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဩဂုတ် ၃၁ ရက် အထိ နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့မှုများနှင့် လတ်တလော ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခဖြစ်စဉ်များနှင့် IDP တိုက်ပွဲရှောင်စုရပ်များတွင် နေရပ်ပြန်များနှင့် စပ်လျဉ်း၍ ထောက်ပံ့ပေးနိုင်မှုအခြေအနေများကို ပြောကြားလိုကြောင်း။

နိုင်ငံတစ်ဝန်း၌ သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့မှုနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန၏ ထောက်ပံ့ပေးနိုင်ခဲ့မှုများအနေဖြင့် မီးဘေး၊ ရေဘေး၊ လေဘေး၊ အခြားသောဘေးများနှင့် လတ်တလောအကြမ်းဖက်မှုဖြစ်ပွားနေသည့် နေရာများနှင့် တိုက်ပွဲရှောင်စခန်း၊ IDP စခန်း စသည့်နေရာများနှင့် အခြားသော ဘေးအန္တရာယ်ဖြစ်ပွားမှုများအတွက် နိုင်ငံတော်အနေဖြင့် ငွေကျပ်သိန်းပေါင်း တစ်သိန်းလေးသောင်းကျော် (၁၄၄၀၇၉၃၀၅၈၀) ထောက်ပံ့ပေးခဲ့ကြောင်း၊ ထို့ပြင် လတ်တလော ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခဖြစ်စဉ်များအတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၏ ထောက်ပံ့ကူညီပေးနိုင်မှုအနေဖြင့် တစ်နိုင်ငံလုံးရှိ မြို့နယ်ပေါင်း ၈၄ မြို့နယ်၌ ၂၈၃ ကြိမ်ထောက်ပံ့ပေးခဲ့ကြောင်း၊ စုစုပေါင်း ငွေကျပ်သိန်းပေါင်းကိုးထောင် (၉၀၃၆၀၀၁၆၈ ကျပ်) ကျော် ထောက်ပံ့ပေးခဲ့သည်ကို တွေ့ရကြောင်း။




တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း တိုက်ပွဲရှောင်စခန်းများမှ နေရပ်ပြန် ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်သည့် မှတ်တမ်းဓာတ်ပုံ။

ထို့ပြင် ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်ရှိ IDP စခန်းများမှ အိမ်ထောင်စု ၇၆၉ စု၊ လူဦးရေ ၄၅၄၅ ဦးအတွက် ငွေကျပ်သိန်းပေါင်း တစ်ထောင့်ခုနစ်ရာ (၁၇၆၃၄၂၉၉၂ ကျပ်) ကျော် ထောက်ပံ့ပေးခဲ့ကြောင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်ရှိ တိုက်ပွဲရှောင်စခန်းများမှ နေရပ်ပြန်သူ အိမ်ထောင်စု ၂၅၉၁ စု၊ လူဦးရေ ၁၁၆၀၉ ဦးအတွက် ငွေကျပ်သိန်းပေါင်း သုံးထောင်ရှစ်ရာ (၃၈၄၀၅၈၆၈၄ ကျပ်) ကျော် ထောက်ပံ့ပေးခဲ့ကြောင်း။

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသာမက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနအနေဖြင့်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မှုအနေဖြင့် ကချင်ပြည်နယ် မြစ်ကြီးနား၊ ဝိုင်းမော်၊ မိုးမောက်၊ ပူတာအို၊ ချီဖွေမြို့နယ်တို့ရှိ တိုက်ပွဲရှောင်ကျေးရွာများတွင် နေအိမ် ၆၈၃ လုံး တည်ဆောက်ရန် ငွေကျပ်သန်းပေါင်း သုံးထောင်တစ်ရာ(၃၁၉၆ ဒသမ ၉၅၇ သန်း) ကျော်၊ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၊ မြိုင်ကြီးငူဒေသတွင် ငွေကျပ်သန်းပေါင်း နှစ်ရာ့ လေးဆယ် (၂၄၁ ဒသမ ၁၄၉ သန်း)ကျော်၊ ချင်းပြည်နယ် ပလက်ဝဒေသတွင် ငွေကျပ် သန်းပေါင်း ခြောက်ရာ့ငါးဆယ်(၆၅၅ ဒသမ ၉၁၄ သန်း)ကျော်၊ ရခိုင်ပြည်နယ် မြောက်ဦး၊ မင်းပြား၊ အမ်း၊ ကျောက်ဖြူ စသည့် မြို့နယ်များအတွက် ငွေကျပ်သန်းပေါင်း လေးထောင်(၄၀၁၉ ဒသမ ၅၀၁ သန်း) ကျော်၊ ရှမ်းပြည်နယ် နမ္မတူ၊ မန်တုံမြို့နယ်များအတွက် ငွေကျပ်သန်းပေါင်း ခုနစ်ရာ့ကိုးဆယ်(၇၉၈ ဒသမ ၅၀၁ သန်း) ကျော်၊ စုစုပေါင်း ထောက်ပံ့ပေးငွေ ကျပ်သန်းပေါင်း ရှစ်ထောင် (၈၉၁၂ ဒသမ ၀၁၈ သန်း) ကျော်ကို ထောက်ပံ့ပေးမှုများ ဆောင်ရွက်နိုင်ခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ **ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သည့် အခြေအနေများ**ကို တင်ပြလိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါသည် နိုင်ငံအတော်များများတွင် တစ်ကျော့ပြန် ပြန်လည်ကူးစက်မှုများရှိနေသည်ကို တွေ့ရကြောင်း၊ မိမိတို့နိုင်ငံတွင် ယခင်က ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ရောဂါကူးစက်မှုရာခိုင်နှုန်း အနေဖြင့် သုည ဒသမ နောက်ဘက်တွင်ရှိသည့် အခြေအနေအထိ ရှိခဲ့ကြောင်း၊ စက်တင်ဘာ ၁၀ ရက်တွင် အတည်ပြုလူနာသစ် ၂၆၂ ဦး (၂ ဒသမ ၄၃ ရာခိုင်နှုန်း) ရှိခဲ့ကြောင်း၊ စက်တင်ဘာ ၁၃ ရက်တွင် အတည်ပြုလူနာသစ် ၂၉၉ ဦး (၂ ဒသမ ၆၇ ရာခိုင်နှုန်း) ဖြစ်ခဲ့ကြောင်း၊ စက်တင်ဘာ ၁၄ ရက်တွင် အတည်ပြုလူနာသစ် ၃၈၄ ဦး (၃ ဒသမ ၁၇ ရာခိုင်နှုန်း) ဖြစ်ပေါ်ခဲ့ကြောင်း၊ စက်တင်ဘာ ၁၉ ရက်တွင်မူ လူနာသစ် ၂၆၉ ဦး (၂ ဒသမ ၆၃ ရာခိုင်နှုန်း)တွေ့ရှိခဲ့ရကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ပိုးတွေ့ရှိမှုနှုန်း များပြားလာသည်ကို မိဘပြည်သူများအနေဖြင့် သတိထားစေလိုကြောင်း၊ စက်တင်ဘာ ၁၅ ရက်အထိ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံ၊ ဒေသ ၂၃၀ တို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအနေဖြင့် ၆၁၅ ဒသမ ၅ သန်း (၆၁၅၅၅၃၄၂၄ ဦး) ကျော် ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရကြောင်း။

**B4.4 နှင့် B4.5 တို့သည် နိုင်ငံပေါင်း ၉၂ နိုင်ငံတွင် ကူးစက်ပြန့်ပွားလျက်ရှိ**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ ထုတ်ပြန်ချက်အရ ၂၀၂၂ ခုနှစ် ဇူလိုင်အထိ အိုမီခရွန်မျိုးကွဲသစ် B4.4 နှင့် B4.5 တို့သည် နိုင်ငံပေါင်း ၉၂ နိုင်ငံတွင် ကူးစက်ပြန့်ပွားလျက်ရှိသည်ကို တွေ့ရကြောင်း၊ မိမိတို့၏ အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မလေးရှားနှင့် စင်ကာပူစသည့် နိုင်ငံများ၌ အဆိုပါမျိုးကွဲသစ်များ ကူးစက်ပျံ့နှံ့လျက်ရှိသည်ကို တွေ့ရကြောင်း၊ နိုင်ငံတကာမှ လေ့လာတွေ့ရှိချက်များအရ အိုမီခရွန်ဗီဇပြောင်းမျိုးကွဲသစ်ရောဂါပိုး B4.4 နှင့် B4.5 တို့သည် ယခင်ကရှိခဲ့သည့် အိုမီခရွန်မျိုးရိုးဗီဇပြောင်းရောဂါပိုး B4.1 နှင့် B4.2 တို့ထက် ကူးစက်မှု ပိုမိုမြန်ဆန်ပြီး ကာကွယ်ဆေး၏ အာနိသင်ကိုလည်း လျော့ကျစေနိုင်သည်ကို တွေ့ရကြောင်း။

လူတိုင်းသည် ကိုဗစ်-၁၉ ၏ မျိုးရိုးဗီဇကွဲဖြစ်သည့် အိုမီခရွန် ကူးစက်ခံရနိုင်ခြေရှိပါကြောင်း၊ ရောဂါလက္ခဏာမပြဘဲ ကူးစက်နိုင်ကြောင်း၊ မပြင်းထန်သည့် ကိုဗစ်-၁၉ အခြေအနေမှ ပြင်းထန်သည့် ဖျားနာခြင်းများ ဖြစ်စေနိုင်ကြောင်း၊ အသက်အရွယ်ကြီးသူများ၊ ရောဂါခံရှိသူများနှင့် ကာကွယ်ဆေးမထိုးနှံ့သူများတွင် ရောဂါဖြစ်ပွားရန် လွယ်ကူပြီး ကုသရန် ခက်ခဲသဖြင့် အသက်သေဆုံးနိုင်ကြောင်း၊ ထို့ကြောင့် အိုမီခရွန်သည် မပြင်းထန်လျှင်ပင် ကိုယ်ခံအားနည်းသူများ၊ ကာကွယ်ဆေးမထိုးနှံ့သူများနှင့် ရောဂါအခံရှိသူများအတွက် ပေါ့ဆ၍မရကြောင်း၊ မိမိတို့၏ နိုင်ငံပိုင်သတင်းမီဒီယာများမှလည်း ထုတ်ပြန်ချက်များ ထုတ်ပြန်ပေးလျက်ရှိကြောင်း၊ ယခု သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသည့် သတင်းမီဒီယာများအနေဖြင့်လည်း ပြည်သူလူထုအား ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ သတိရှိကြရန်အတွက် ထပ်မံအသိပေးစေလိုကြောင်း မေတ္တာရပ်ခံပြောကြားသည်။

**လက်ရှိမျိုးကွဲသစ်ကူးစက်မှုကို ကာကွယ်နိုင်ရန် အကြိမ်ပြည့် ထပ်ဆောင်းထိုးနှံ့ထားခြင်းသာ ခံနိုင်ရည်ရှိမည်ဖြစ်**

လက်ရှိမျိုးကွဲသစ်ကူးစက်မှုကို ကာကွယ်နိုင်ရန်အတွက် အများအားဖြင့် အကြိမ်ပြည့်ထပ်ဆောင်းထိုးနှံ့ထားခြင်းသာ ခံနိုင်ရည်ရှိမည်ဖြစ်ကြောင်း၊ ကူးစက်မှုကို လျော့နည်းစေမည်ဖြစ်ပြီး အသက်သေဆုံးမှု နည်းပါးစေမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများ သတ်မှတ်ပြီး ထိုးနှံ့ပေးလျက်ရှိရာ စက်တင်ဘာ ၁၃ ရက်အထိ အသက်(၁၈)နှစ်နှင့် အထက် လူဦးရေ စုစုပေါင်း သန်းသုံးဆယ်(၃၀၄၆၁၀၆၃ ဦး)ကျော်နှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း ၆ ဒသမ ၅ သန်း (၆၅၁၅၅၂၂ ဦး)ကျော်တို့အား ထိုးနှံ့ထားရှိပြီးဖြစ်ကြောင်း။

မြန်မာနိုင်ငံ၌ ၂၈-၁-၂၀၂၂ ရက်နေ့မှ ၇-၉-၂၀၂၂ ရက်နေ့အထိ တွေ့ရှိရသည့် ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ဆေးထိုးနှံ့ထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများ၏ ၈၀ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝထိုးနှံ့ထားခြင်း မရှိသူများဖြစ်ကြကြောင်း၊ ၁၅ ဒသမ ၉ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံ့ထားသူများဖြစ်ကြကြောင်း၊ လေးရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံ့ထားသူများဖြစ်ကြောင်း၊ သုည ဒသမ ၁ ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံ့ထားသူများဖြစ်ကြောင်း။

ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများ၏ ကာကွယ်ဆေးထိုးနှံ့ထားရှိမှု အခြေအနေများကို ဆန်းစစ်ရာ၌ ရောဂါဖြစ်ပွားသူများ၏ ၈၄ ဒသမ ၁ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝထိုးနှံ့ထားခြင်း မရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံ့ထားခြင်း မရှိသူများဖြစ်ကြကြောင်း၊ ၁၄ ဒသမ ၄ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံ့ထားသူများဖြစ်ကြကြောင်း၊ ၁ ဒသမ ၅ ရာခိုင်နှုန်းမှာ ထပ်ဆောင်း ကာကွယ်ဆေးထိုးနှံ့ထားသူများဖြစ်ကြကြောင်း၊ ထို့ကြောင့် ကာကွယ်ဆေးထိုးနှံ့ထားသူများမှာ ရောဂါဖြစ်ပွားမှု၊ သေဆုံးမှုများကို လျော့ချနိုင်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးမထိုးရသေးသူများက အမြန်ဆုံးထိုးနှံ့ကြရန် လိုအပ်သလို နှစ်ကြိမ်ပြည့် ထိုးနှံ့ပြီးဖြစ်သူများကလည်း ထပ်ဆောင်းကာကွယ်ဆေးကို ထိုးနှံ့ကြပါဟု မိဘပြည်သူများကို တိုက်တွန်းလိုကြောင်း။

*စာမျက်နှာ ၁၂ သို့*

❖ **မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများ သတ်မှတ်ပြီး ထိုးနှံ့ပေးလျက်ရှိရာ စက်တင်ဘာ ၁၃ ရက်အထိ အသက်(၁၈) နှစ်နှင့်အထက် လူဦးရေ စုစုပေါင်း သန်းသုံးဆယ်(၃၀၄၆၁၀၆၃ ဦး) ကျော်နှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း ၆ ဒသမ ၅ သန်း (၆၅၁၅၅၂၂ ဦး) ကျော်တို့အား ထိုးနှံ့ထားရှိပြီးဖြစ်**

*စာမျက်နှာ ၁၁ မှ*

**မီဒီယာများအနေဖြင့် ပြည်သူလူထုကို ပညာပေးလှုံ့ဆော်မှုများ လုပ်ဆောင်ကြရန်လို**

လာမည့်ဆောင်းရာသီကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမှာ ရှိနေဦးမည်ဖြစ်သည့်အတွက် ရောဂါ ကာကွယ်တားဆီးနိုင်ရန်အတွက် ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံမှုနှင့် အားဖြည့်ကာကွယ်ဆေးထိုးနှံမှုများ တိုးမြှင့်ဆောင်ရွက်သွားရန်၊ ပါးစပ်နှင့်နှာခေါင်းစည်းများကို အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများနှင့် အများပြည်သူသွားလာသည့် ယာဉ်များအပေါ်စီးနင်းရာ၌ တပ်ဆင်ရန်၊ သက်ဆိုင်ရာဌာနအသီးသီးကလည်း ကျန်းမာရေးသတ်မှတ်ချက်များနှင့် ကိုက်ညီအောင်နေထိုင်ကြရန်၊ ပညာပေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်ကြရန်၊ စီမံဆောင်ရွက်ရန်တို့ကို လိုက်နာလုပ်ဆောင်ရန် လိုအပ်ကြောင်း၊ သို့မှသာ ရောဂါကူးစက်နိုင်မှုများ လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ယင်းနှင့်ပတ်သက်၍ မီဒီယာများအနေဖြင့်လည်း ပြည်သူလူထုကို ပညာပေးလှုံ့ဆော်မှုများ လုပ်ဆောင်ကြရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

နောက်ဆုံးအချက်အနေဖြင့် အကြမ်းဖက် NUG နှင့် PDF အဖွဲ့များ၏ အကြမ်းဖက်လုပ်ဆောင်မှုများနှင့် အကြမ်းဖက်အားပေးမှုများ မဖြစ်စေရန် ပြည်သူလူထုသို့ အသိပေးချက်အခြေအနေများကို ဆက်လက် ရှင်းလင်းပြောကြားသွားမည်ဖြစ်ကြောင်း၊ ယင်းအကြမ်းဖက် အဖွဲ့အစည်းများ၏ ပထမဆုံးသော လှုပ်ရှားမှုအနေဖြင့် နွေဦးတော်လှန်ရေးဆိုပြီး လုပ်ဆောင်ကြောင်း၊ ထိုသို့ မလုပ်ဆောင်မီ CDM လုပ်ကြပါဟု အော် ကြောင်း၊ ယင်းမှာအများ သတိထားမိသည့် အကြောင်းအရာများဖြစ်ကြောင်း၊ Project ဆိုသည့် ခေါင်းစဉ်ပေါင်းမနည်းသလို Operation ဆိုသည်လည်း မနည်းပါကြောင်း၊ Campaign ဆိုသည်များလည်း အတော်များကြောင်း၊ အလှူခံသည့် ခေါင်းစဉ်ပေါင်းလည်း မနည်းပါကြောင်း၊ ၎င်းတို့ လုပ်ဆောင်ခဲ့သည်များကို ဇယား နှင့် ပြလိုကြောင်း ပြောကြား၍ အကြမ်းဖက် သတ်ဖြတ်ခံရသည့် ဇယား၊ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးစသည့် ဇယားများကို ပြသသည်။

**ဒီမိုကရေစီဆိုသည်မှာ ထိုသို့ လူသတ်နေသည့် ဝါဒလားဟု မေးလို**

မိမိ ယခုတင်ပြခဲ့သည့် အချက်များထဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များဖြစ်သည့် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ စာရင်းများ မပါသေးကြောင်း၊ ရဟန်းသံဃာများ၊ ဝန်ထမ်းများ၊ ပြည်သူများ ဖြစ်ကြောင်း၊ မည်သည့်ရည်ရွယ်ချက်ဖြင့် ထိုသို့ လုပ်ဆောင်နေသည်ကို သိနိုင်မည်ဖြစ်ကြောင်း၊ ၎င်းတို့ပြောသည့် ဒီမိုကရေစီဆိုသည်မှာ ထိုသို့ လူသတ်နေသည့် ဝါဒလားဟု မေးလိုကြောင်း၊ ဖြည့်စွက်တင်ပြလိုသည်များ ရှိပါသေးကြောင်း၊ အထက်ပါ တင်ပြချက်များသာမက PDF ဆိုသည့် အကြမ်းဖက်အဖွဲ့အချင်းချင်း ပစ်ခတ်သတ်ဖြတ်ကြခြင်းများ၊ ၎င်းတို့အဖွဲ့အတွင်း၌ အချင်းချင်း အမျိုးမျိုးစွပ်စွဲပြီး နည်းမျိုးစုံနှင့် သတ်ဖြတ်ခြင်းများ၊ တချို့သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များက PDF က လူငယ်များကို သတ်ဖြတ်မှုများ မပါသေးပါကြောင်း၊ ထိုကဲ့သို့ အသတ်ခံရသည့် စာရင်း၌လည်း မိမိတို့ စုံစမ်းသိရှိရသလောက် ရာနှင့်ချီသည့်သူများ သေဆုံးခဲ့ရသည်ဟု သိရှိထားကြောင်း၊ အများလည်း သိရှိပြီးဖြစ်သည့် ကိစ္စတချို့၏ သက်သေအချို့ကို မိမိပြလိုကြောင်း ပြောကြား၍ ဗိုလ်သံမဏိတို့အဖွဲ့ သတ်ဖြတ်မှုကိစ္စ၊ ဆရာစံ PDF အဖွဲ့သတ်ဖြတ်မှုကိစ္စများ၊ ဗိုလ်ကျားကြီး သတ်ဖြတ်မှုကိစ္စများကို Screen Shot ဖြင့် ပြသသည်။

ယခုတင်ပြခဲ့သည်မှာ Screen Shot များသာရှိပါသေးကြောင်း၊ သတ်ဖြတ်နေသည့် Video ဖိုင်များစွာကိုလည်း အားလုံးတွေ့မြင်ကြပြီးဖြစ်ကြောင်း ပြောကြားသည်။

NUG အဖွဲ့၏ ကွပ်ကဲမှုအောက်၌ရှိသည့် PDF ဆိုသည်များ၊ LPDF ဆိုသည် များမှာ အင်အားတိုးချဲ့မှုများကိုလည်း နည်းမျိုးစုံနှင့် လုပ်ဆောင်လျက်ရှိကြောင်း၊ အင်အားတောင့်တင်းလာချိန်၌ မိမိတင်ပြသွားသည့် ကိစ္စကဲ့သို့ အချင်းချင်းအာဏာလုခြင်းများ၊ အားပြိုင်မှုများ၊ နယ်မြေသတ်မှတ်ပြီး ဆက်ကြေးကောက်ခြင်းများကို အပြိုင်အဆိုင် လုပ်ဆောင်ကြကြောင်း၊ ၎င်းတို့၏ အဖွဲ့အသီးသီးကို အင်အားတောင့်တင်းအောင် မည်သို့လုပ်ဆောင်သည်ဆိုသည်ကို သိသာအောင် မိမိ Video file အချို့ကို ပြလိုကြောင်း ပြောကြား၍ ထွက်ပြေးလွတ်မြောက်လာသည့် အမျိုးသမီးနှစ်ဦး၏ Video file အား ပြသသည်။

**စိတ်ခံစားချက်ကြောင့် လမ်းမှားရောက်နေသည့် လူငယ်လူရွယ်များကို လမ်းမှန်သို့ရောက်အောင် ဖိတ်ခေါ်မှုများ ဆောင်ရွက်လျက်ရှိ**

ယခုပြသခဲ့သည်မှာ တပ်မတော်၏ အကူအညီဖြင့် စစ်ကိုင်းတိုင်းဒေသကြီးမှ EAOs အဖွဲ့များနှင့် PDF အဖွဲ့များထံက ထွက်ပြေးလွတ်မြောက်လာသူအချို့၏ ထွက်ဆိုချက်ဖြစ်ကြောင်း၊ ၎င်းတို့၏ ပြောကြားချက်များအရ PDF များအနေဖြင့် ရွာများ၌ ခြိမ်းခြောက်ပြီး လူငယ်လူရွယ်များကို မဖြစ်မနေ အကျပ်ကိုင်ပြီး စည်းရုံးခြင်းများရှိကြောင်းကို ထင်ရှားစွာ တွေ့မြင်ရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် စိတ်ခံစားချက်ကြောင့် လမ်းမှားရောက်နေသည့် လူငယ်လူရွယ်များကို လမ်းမှန်သို့ရောက်အောင် ဖိတ်ခေါ်မှုများကို ဆက်တိုက်ဆောင်ရွက်လျက်ရှိကြောင်း၊ လက်တွေ့လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးသည့်အတွက် လမ်းမှန်ကို ပြန်လည်ရောက်ရှိလာသူများအနေဖြင့် နိုင်ငံတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ ၅၀၅ ဖြင့် တရားစွဲခံရပြီး ပြန်လည်ဆက်သွယ်သတင်းပို့လာသူ စက်တင်ဘာ ၁၈ ရက်အထိ ၁၁၁၁ ဦး၊ PDF များအပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံပြီး လက်နက်ကိုင်ဆန့်ကျင်သည့် အဖွဲ့အစည်းများက ပြန်လည်ဆက်သွယ်သတင်းပို့လာသူ ၂၇၃ ဦးနှင့် CDM ဝန်ထမ်း ငါးဦး၊ စုစုပေါင်း ၁၃၈၉ ဦးရှိကြောင်း၊ မိမိအနေဖြင့် ပြောကြားလိုသည်မှာ စိတ်ခံစားချက်ကြောင့်ဖြစ်စေ၊ နိုင်ငံရေးသမားများ၏ အသုံးချမှုကို ခံရ၍ဖြစ်စေ၊ ခြိမ်းခြောက်ခံရ၍ဖြစ်စေ တရားမဝင် အဖွဲ့အစည်းအသီးသီး၊ အကြမ်းဖက်အဖွဲ့အစည်း အသီးသီးတွင် ရောက်ရှိနေသည့် လူငယ်လူရွယ်များ၊ ကျောင်းသား ကျောင်းသူများ၊ မိဘပြည်သူများအနေဖြင့် လမ်းမှန်ကို ပြန်လည်ရောက်ရှိနိုင်ရေး ရဲရဲဝံ့ဝံ့ ပြန်လည်လျှောက်လှမ်းခဲ့ကြရန်နှင့် မိမိတို့အနေဖြင့် ကြိုဆိုနေကြောင်း၊ အချို့သောကိစ္စရပ်များကို မီဒီယာများမှတစ်ဆင့် ပြည်သူများ သိရှိအောင်မပြသနိုင်သေးကြောင်း၊ အဘယ့်ကြောင့်ဆိုသော် အချို့ ပြန်လည် ဝင်ရောက်လာသူများထဲတွင် ၎င်းတို့၏ စိတ်ခံစားချက်အတိုင်း ပြောကြားချက်များရှိကြောင်း၊ သို့သော် ၎င်းတို့၏ မိသားစုများနှင့် ၎င်းတို့၏ အသက်အန္တရာယ် ခြိမ်းခြောက်ခံရမှု အန္တရာယ်များကြောင့် မပြသနိုင်သည်များရှိပါကြောင်း၊ ကာယကံရှင်သာမက မိသားစုကိုပါ ခြိမ်းခြောက်နေသည့် ဖြစ်စဉ်များရှိကြောင်း။



နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ် လူရွယ်များ ကြိုဆိုရေးစခန်းများနှင့် လုံခြုံရေးစခန်းများသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသည့် မှတ်တမ်းဓာတ်ပုံ။

**ရက်ရက်စက်စက် သတ်ခဲ့သည့် အကြမ်းဖက်သမားများကို ပြင်းထန်သည့် ပြစ်ဒဏ်များ ပေးရမည်ဖြစ်**

အကြမ်းဖက်ဖြစ်စဉ်များနှင့် ပတ်သက်ပြီး ဓားဖြင့်၊ သေနတ်ဖြင့် လူမဆန်စွာ သတ်ဖြတ်ခဲ့သည်များကို သတင်းများထုတ်ပြန်ခဲ့ကြောင်း၊ ပါဝါပွိုင့်၌ မိမိတို့ ထုတ်နုတ်ချက်အချို့ကို ပြသထားပါကြောင်း၊ ယခုထုတ်နုတ်ချက်အချို့ထဲ၌ လူတစ်ဦးတစ်ယောက်ကို ဓားနှင့် ခုနစ်ချက်ထိုးသည့် ဖြစ်စဉ်များ၊ သေနတ်နှင့် ငါးချက် ခြောက်ချက်၊ ၁၁ ချက်အထိ ပစ်ခတ်ခဲ့သည့် ဖြစ်စဉ်များရှိကြောင်း၊ ထိုထက်မက လူမဆန်စွာဖြင့် ဓားဖြင့်၊ သေနတ်ဖြင့် ရည်ရွယ်ချက်ရှိရှိ မသေမချင်းသတ်ဖြတ်သည့် အကြောင်းအချက်များ ရှိပါသေးကြောင်း၊ ယင်းသို့ ရက်ရက်စက်စက် လူကိုသတ်ခဲ့သည့် အကြမ်းဖက်သမားများကို ထိရောက်ပြင်းထန်သည့် ပြစ်ဒဏ်များ ပေးရလိမ့်မည်ဖြစ်ကြောင်း၊ ခံစားရသည့်သူများဘက်၊ နစ်နာသူများဘက်၊ ပြည်သူလူထု၏ ဥပဒေစိုးမိုးရေး၊ နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးမျက်နှာကိုသာ မိမိတို့ ကြည့်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး အကြမ်းဖက်ကိစ္စရပ်များကို ကိုယ်တိုင်ပါဝင်ပတ်သက်ခြင်း၊ သွယ်ဝိုက်အားပေးထောက်ခံခြင်း စသည့်ကိစ္စရပ်များနှင့် ပတ်သက်ပြီး ပြည်သူလူထု သတိထားမိအောင် ရှင်းလင်းတင်ပြလိုကြောင်း ပြောကြား၍ အကြမ်းဖက်များနှင့် ဆက်စပ်မိလျှင် မည်သည့်ဥပဒေများနှင့် ငြိစွန်းပြီး မည်သည့် ပြစ်ဒဏ်များ ကျခံရနိုင်သည်ကို ဖော်ပြထားသည့် ပြစ်မှုပြစ်ဒဏ်ဇယားအား ပြသသည်။

အချိန်ကန့်သတ်ချက်အရ အကျယ်တဝင့်မပြောတော့ကြောင်း၊ "သတိလေး တစ်ချက်လွတ်သွားလို့ပါ"ဆိုသည်ဖြစ်စေ၊ "ဘာဖြစ်သွားမှန်းမသိပါဘူး" ဆိုသည် ဖြစ်စေ၊ "ဒီအတိုင်းလေးပဲကြည့်လိုက်တာ" ဆိုသည်ဖြစ်စေ ဥပဒေက လက်ပိုက်ကြည့်နေမည် မဟုတ်သည်ကို ပြောကြားလိုကြောင်း၊ လူသုံးအများဆုံးဖြစ်နေသည့် Facebook မှ ဖြစ်လာနိုင်သည်ကို ဥပမာအနည်းငယ်နှင့် ပြောကြားလိုကြောင်း၊ အကြမ်းဖက်အဖွဲ့များဖြစ်သည့် NUG, CRPH, PDF စသည့် အဖွဲ့များ၏ စာများ၊ ပုံများ၊ ဗီဒီယိုများ၊ ၎င်းတို့ကို အားပေးထောက်ခံသည့်သူများ၏ စာများ၊ ပုံများ၊ ဗီဒီယိုများကို Like တစ်ခုပေးလိုက်သည်ဖြစ်စေ၊ Share လုပ်လိုက်သည်ဖြစ်စေ လုပ်လိုက်ပါက ယခုပြသထားသည့်ဇယား၌ မြင်ရသည့်အတိုင်း ရာဇသတ်ကြီးပုဒ်မ ၁၂၄(ခ) နှင့်ငြိစွန်းကြောင်း၊ အနည်းဆုံးထောင် ၃ နှစ်မှ ၁၀ နှစ်အထိ ချမှတ်နိုင်ကြောင်း၊ ငွေဒဏ်ကိုလည်း ချမှတ်နိုင်သည် ဆိုသည်ကို အသိပေးလိုကြောင်း။

ထို့ပြင် ယခုတလောပြန်ပြီး အသံထွက်လာသည့် "CDM လုပ်ကြပါ"၊ "ထွက်ခဲ့ကြပါ" အပါအဝင် ဝန်ထမ်းများ၏ စည်းကမ်းသေဝပ်မှုကို ထိခိုက်စေသည့် အကြောင်းအရာများ၊ တာဝန်ဝတ္တရားကို ထိခိုက်စေသည့် အကြောင်းအရာများ၊ အနှောင့်အယှက်ပေးနိုင်သည့် စာများ၊ ပုံများကို ကိုယ်တိုင်ရေးသားတင်ပြခြင်း၊ Share လုပ်ခြင်းများစသည့် ကိစ္စရပ်များကို လုပ်ဆောင်မိခဲ့ပါက ရာဇသတ်ကြီး ပုဒ်မ ၅၀၅(က)နှင့် ငြိစွန်းကြောင်း၊ ထောင် ၂ နှစ်အထိချမှတ်နိုင်ကြောင်း၊ ထို့ပြင် အကြမ်းဖက်အဖွဲ့အစည်းများကို ငွေကြေးအပါအဝင် ပစ္စည်းထောက်ပံ့ခြင်းများ၊ အားပေးကူညီခြင်းများကို လုပ်ဆောင်ခဲ့ပါက ပိုမိုကြီးမားသည့် အပြစ်ကို ကျူးလွန်ခြင်းဖြစ်ပြီး ပိုမိုကြီးလေးသည့်ပြစ်ဒဏ်ကို ခံရနိုင်သည်ဆိုသည်ကိုလည်း ထည့်သွင်းပြောကြားလိုကြောင်း ပြောကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# နာမည်ကြီးဟောလိဝုဒ်ကြယ်ပွင့် ဂျိုလီ မုတ်သုံကပ်ဘေးရင်ဆိုင်နေရသူများအား ကူညီရန် ပါကစ္စတန်နိုင်ငံသို့ ရောက်ရှိ

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၂၂**

နာမည်ကြီး ဟောလိဝုဒ်ကြယ်ပွင့် အန်ဂျလီနာဂျိုလီသည် မုတ်သုံရာသီမိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံ ကပ်ဘေးနှင့်ရင်ဆိုင်နေရသူများအား ကူညီရန် ပါကစ္စတန်နိုင်ငံသို့ သွားရောက်ခဲ့သည်။

ဂျိုလီသည် အပြည်ပြည်ဆိုင်ရာကယ်ဆယ်ရေးကော်မတီနှင့်အတူ လာရောက်ခဲ့ခြင်းဖြစ်သည်။ ဂျိုလီသည် စက်တင်ဘာ ၂၁ ရက်က သဘာဝကပ်ဘေးတုံ့ပြန်ရေးဆိုင်ရာ အစိုးရတာဝန်ရှိသူများနှင့်သာမက စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။

ပါကစ္စတန်နိုင်ငံသည် ဇွန်လလယ်ကတည်းက စံချိန်လွန်မုတ်သုံမိုး၏ ရိုက်ခတ်မှုဒဏ်ကို ခံစားခဲ့ရသည်။ ယခုအချိန်အထိ လူပေါင်း ၁၅၀၀ ကျော်သေဆုံးပြီး အိမ်ခြေ နှစ်သန်းကျော် ပျက်စီးခဲ့သည်။

ရေကြီးရေလျှံဖြစ်ပွားမှုသည် ပြီးဆုံးသွားသည်မရှိဘဲ ပါကစ္စတန်နိုင်ငံ၏ ဒေသအတော်များများတွင် ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

ဂျိုလီသည်ရေဘေးဒဏ်ကိုအဆိုးရွားဆုံးခံစားခဲ့ရသော နိုင်ငံတောင်ပိုင်း ဆင်းဒ်ပြည်နယ်ရှိ ဒေသခံများနှင့် တွေ့ဆုံခဲ့သည်။

ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံခဲ့ပြီး ထောက်ပံ့ရေးပစ္စည်းများ လုံလုံလောက်လောက် ရောက်ရှိလာပါ့မလားဆိုသည့်အပေါ် စဉ်းစားလျက်ရှိကြောင်းနှင့် ကလေးအတော်များများ အာဟာရချို့တဲ့ လျက်ရှိကြောင်း ဂျိုလီက ပြောကြားခဲ့သည်။

ထို့အပြင် ဂျိုလီက ပါကစ္စတန်ပြည်သူများအနေဖြင့် ဆောင်းတွင်း၌ ပိုမိုခက်ခဲမှုများနှင့်ရင်ဆိုင်ရနိုင်ခြေရှိသည့်အပေါ် စိုးရိမ်လျက်ရှိသည်။

မိလ္လာစနစ်ညံ့ဖျင်းမှုများက ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ငှက်ဖျားရောဂါကဲ့သို့သော ကူးစက်ရောဂါများကို ဖြစ်ပေါ်စေသည့် အခြေခံအချက်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



ပါကစ္စတန်ပြည်သူများကြားတွင် တွေ့ရသော နာမည်ကြီး ဟောလိဝုဒ်ကြယ်ပွင့် အန်ဂျလီနာဂျိုလီ။

# အေအိုင်ဒီအက်စ်၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးအတွက် ဒေါ်လာ တစ်ဘီလီယံကျော် ဂျပန်နိုင်ငံ ကတိပြု

**တိုကျို စက်တင်ဘာ ၂၂**

ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီးဒါးသည် လာမည့်သုံးနှစ်အတွင်း အေအိုင်ဒီအက်စ်ရောဂါ၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါတို့ကို တိုက်ဖျက်ရန် နိုင်ငံတကာ ရန်ပုံငွေသို့ ဒေါ်လာ ၁ ဒသမ ၀၈ ဘီလီယံ ထည့်ဝင်ရန် ကတိပြုခဲ့ကြောင်း သိရသည်။

ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ရန် နယူးယောက်မြို့၌ရှိနေသည့် ဂျပန်ဝန်ကြီးချုပ် ကီရှီးဒါးသည် တိုးမြှင့်ထည့်ဝင်ရန် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ဖိတ်ခေါ်သည့် အစည်းအဝေးကို တက်ရောက်ခဲ့ကြောင်း သိရသည်။



ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီးဒါး။

နိုင်ငံတကာ အသိုင်းအဝိုင်းမှ လူပုဂ္ဂိုလ်တိုင်းသည် ၂၀၃၀ ပြည့်နှစ်တွင် ကူးစက်ရောဂါကြီးသုံးပါးကို ကျော်လွှားနိုင်ရမည်ဆိုသည့် ရည်မှန်းချက်ပန်းတိုင်ကို အရောက်လှမ်းနိုင်စေရန် လက်တွဲဆောင်ရွက်ရမည် ဖြစ်ကြောင်း ဝန်ကြီးချုပ် ကီရှီးဒါးက ပြောကြားသည်။

ဂျပန်နိုင်ငံအစိုးရနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများသည် ကမ္ဘာ့ရန်ပုံငွေ ထည့်ဝင်ရေးဆိုင်ရာ လုပ်ငန်းဆောင်တာများတွင် ပါဝင်ကူညီရန် ဦးဆောင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ကတိပြုပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

# ဆူဒန်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုကြောင့် သေဆုံးသူပေါင်း ၁၄၆ ဦးအထိ တိုးလာ

**ခါတွန် စက်တင်ဘာ ၂၂**

ဆူဒန်နိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးမှုကြောင့် သေဆုံးသူစုစုပေါင်း ၁၄၆ ဦးအထိ မြင့်တက်လာပြီး ဒဏ်ရာရရှိသူ ၁၂၂ ဦးရှိကြောင်း နိုင်ငံ၏ အရပ်ဘက် ကာကွယ်ရေးဆိုင်ရာ အမျိုးသား ကောင်စီက စက်တင်ဘာ ၂၁ ရက်တွင် ပြောကြားသည်။

ဆူဒန်နိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အိမ်ခြေ ၅၄၇၅၈ လုံးနှင့် ဆိုင်ခန်းပေါင်း ၂၉၈ လုံး ပျက်စီးခဲ့ကြောင်း၊ စိုက်ပျိုးမြေ ၁၀၁၁၉၃ ဟက်တာထိခိုက်ပျက်စီးခဲ့ပြီး နွားကောင်ရေ ၂၇၄၁ ကောင် သေဆုံးခဲ့ကြောင်း ကောင်စီက ထုတ်ပြန်ထားသည်။



ဆူဒန်နိုင်ငံတစ်နေရာ၌ ရေကြီးရေလျှံမှုဖြစ်ပွားနေသည်ကို တွေ့ရစဉ်။

ဆူဒန်နိုင်ငံ၌ ဇွန်လနှောင်းပိုင်းမှစကာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နိုင်ငံမြောက်ပိုင်း၊ အလယ်ပိုင်းနှင့် အနောက်ပိုင်းတို့တွင် ကျေးရွာ ၂၅၀ ကျော် ပျက်စီးခဲ့ရကြောင်း သိရသည်။ နိုင်ငံတစ်ဝန်း ဇွန်လမှစကာ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးမှုကြောင့် ပြည်သူ ၁၃၆၀၀၀ ခန့် ရေဘေးသင့်ခဲ့ကြောင်း ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးက ထုတ်ပြန်ထားသည်။

ဆူဒန်နိုင်ငံ၌ ဇွန်လမှ ဩဂုတ်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးမှုများ ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# နယူးဇီလန်နိုင်ငံ၌ မျောက်ကျောက်ရောဂါ ကူးစက်ဖြစ်ပွားသူ လေးဦး ထပ်မံတွေ့ရှိ

**ဝယ်လင်တန် စက်တင်ဘာ ၂၂**

နယူးဇီလန်နိုင်ငံ၌ စက်တင်ဘာ ၂၂ ရက်က မျောက်ကျောက်ရောဂါ ကူးစက်ဖြစ်ပွားသူ လေးဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း မျောက်ကျောက်ရောဂါ ကူးစက်ခံရသူပေါင်း ကိုးဦး ရှိလာပြီဖြစ်သည်။

ထပ်မံရောဂါကူးစက်ခံရသူ လေးဦးမှာ ပြီးခဲ့သည့်ရက်သတ္တပတ်က တွေ့ရှိခဲ့ခြင်းဖြစ်ပြီး မကြာသေးမီက နိုင်ငံခြားမှ ပြန်လာသူများဖြစ်ကြောင်း သိရသည်။

မျောက်ကျောက်ရောဂါဖြစ်ပွားမှု အရေအတွက်သည် ဩဂုတ်လလယ်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကူးစက်မှုအများဆုံးဖြစ်ကြောင်း အစီရင်ခံဖော်ပြခဲ့ပြီး ဥရောပနှင့် အမေရိကတွင် ရောဂါဖြစ်ပွားမှုအရေအတွက် ကျဆင်းလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူ အိတ်ချ်အို)က ထုတ်ပြန်ထားသည်။

**ဆင်ဟွာ**

# ကမ္ဘောဒီးယားနိုင်ငံ၌ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားသူ ငါးဦးကို ဖမ်းဆီး

**ဖနောင်ပင် စက်တင်ဘာ ၂၂**

ကမ္ဘောဒီးယားနိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့က မူးယစ်ဆေးဝါး ၁၈ ကီလိုဂရမ်ကျော် လက်ဝယ်တွေ့ရှိမှုနှင့် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှု စွပ်စွဲချက်နှင့် ဒေသခံငါးဦးပါ ဂိုဏ်းတစ်ဖွဲ့ကို ဖမ်းဆီးခဲ့ကြောင်း မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးဌာန (အေဒီပီ)က စက်တင်ဘာ ၂၂ ရက်တွင် ပြောကြားသည်။

အရှေ့တောင်အာရှနိုင်ငံဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံသည် မူးယစ်ဆေးဝါးရောင်းဝယ် ဖောက်ကားသူကို သေဒဏ်မပေးကြောင်း၊ ၎င်း၏ ဥပဒေအရ တရားမဝင် မူးယစ်ဆေးဝါး ၈၀ ဂရမ်ကျော် ရောင်းဝယ်ဖောက်ကားမှု ကျူးလွန်ပါက ထောင်ဒဏ်တစ်သက်တစ်ကျွန်း ကျခံရနိုင်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဘီလ်နှင့် မယ်လင်ဒါဂိတ်ဖောင်ဒေးရှင်းက ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးနယ်ပယ်များတွင် ရန်ပုံငွေထည့်ဝင်

**နယူးယောက် စက်တင်ဘာ ၂၂**

ဘီလ်နှင့် မယ်လင်ဒါဂိတ်ဖောင်ဒေးရှင်းက ကျန်းမာရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးနယ်ပယ်များတွင် ကမ္ဘာ့ရည်မှန်းချက်ပြည့်မီရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၇ ဘီလီယံကို ထည့်ဝင်သွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၁ ရက်က ကြေညာလိုက်သည်။

အထူးသဖြင့် ဘီလ်နှင့် မယ်လင်ဒါဂိတ်ဖောင်ဒေးရှင်းသည် ၂၀၃၀ မတိုင်မီ ငှက်ဖျားရောဂါ၊ တီဘီရောဂါနှင့် အိတ်ချ်အိုင်ဗွီ အဆုံးသတ်ရေးကို ကူညီရန်နှင့် အနာဂတ်ကပ်ရောဂါများကို ဆန့်ကျင်တားဆီးရန် လိုအပ်သော ကျန်းမာရေးစနစ်တည်ဆောက်ရန် အမေရိကန်ဒေါ်လာ ၉၁၂ သန်း ကတိပြုခဲ့သည်။

အဆိုပါရန်ပုံငွေသည် အမျိုးသမီးငယ်များနှင့် မိန်းကလေးများအပေါ် ရောဂါဆိုးများ ဖိစီးရိုက်ခတ်နိုင်မှုများကို လျှော့ချရာတွင်လည်း အထောက်အကူဖြစ်စေမည်ဖြစ်သည်။

**ဆင်ဟွာ**

# နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ရေးအရှိန်မြှင့်တင်ဆောင်ရွက်

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကူးစက်ပြန့်ပွားမှုသည် ပြည်တွင်းကူးစက်မှုများ ပိုမိုများပြားလာလျက်ရှိရာ အမြို့မြို့အနယ်နယ်၌ ကြိုတင်ကာကွယ်ရေးအစီအမံများ အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း ရောဂါကူးစက်မှု မဖြစ်ပွားရေးအတွက် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်လျက်ရှိပါသည်။ မြို့နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေး ဆောင်ရွက်မှုများကို ဖော်ပြလိုက်ပါသည်။

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ နှာခေါင်းစည်း ကမ်ပိန်းများဆောင်ရွက်

**ဇမ္ဗူသီရိ**

ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ်၌ ပြည်သူများ ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါ ကူးစက်မှုမရှိစေရေးနှင့် ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် စက်တင်ဘာ ၂၁ ရက်က နှာခေါင်းစည်းကမ်ပိန်း ပြုလုပ်ခြင်းကို ဆက်လက်ဆောင်ရွက်ခဲ့သည်။



ထိုသို့ နှာခေါင်းစည်းကမ်ပိန်းပြုလုပ်ရာတွင် ဇမ္ဗူသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးထွန်းနှင့် အဖွဲ့ဝင်များ၏ ဦးဆောင်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းကာ ဇီဇဝါအဝိုင်းနှင့် ရောဝတီလမ်းတို့၌ ပြည်သူများအား နှာခေါင်းစည်းကမ်ပိန်း ပြုလုပ်ခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**ကျိုင်းတုံ**

ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် နှာခေါင်းစည်းအခမဲ့ဖြန့်ဝေခြင်းကို စက်တင်ဘာ ၂၀ ရက်က ကျိုင်းတုံမြို့သစ် အခါဈေးကြီးတွင် တာဝန်ရှိသူများက ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဌာနဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများက ကျိုင်းတုံမြို့မဈေးကြီးအတွင်း ဈေးရောင်းချသူများနှင့် ဈေးဝယ်သူများအား ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးပြီး စနစ်တကျတပ်ဆင်၍ ဈေးရောင်းဈေးဝယ် ပြုလုပ်ကြရန်နှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များ အသိပညာပေးပြောကြားခြင်းများ ဆောင်ရွက်ခဲ့သည်။



ထို့ပြင် လူစည်ကားသည့် ကျိုင်းတုံမြို့သစ် အခါဈေးရှေ့တွင် ဈေးဝယ်ထွက်ပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးနှိုးဆော်ခြင်းများကို တာဝန်ရှိသူများက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်စိန်သန်း(ပြန်/ဆက်)**



**မူဆယ်**

မူဆယ်မြို့ပေါ်နှင့် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်၌ ကိုဗစ်-၁၉ ကာကွယ်ရေးပညာပေးလုပ်ငန်းများကို မူဆယ်ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့ ဦးဆောင်၍ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၂၂ ရက်တွင် မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းတို့ ဦးဆောင်သည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက ပြည်သူများ နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်သွားလာကြရန်၊ လူစုလူဝေးကို အတတ်နိုင်ဆုံးရှောင်ရှားရန်၊ ကိုဗစ်ရောဂါသံသယရှိလူနာများတွေ့ရှိပါက ကျန်းမာရေးဌာနသို့ အချိန်မီသတင်းပေးပို့ရန်နှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံရန် အသိပညာပေး၍ နှာခေါင်းစည်းများ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ရာ မူဆယ်မြို့၌ လူကြီးသုံးနှာခေါင်းစည်း ၇၀၀၀ ကျော်၊ ကလေးသုံးနှာခေါင်းစည်း ၁၀၀၀ ကျော်နှင့် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်ဝန်းကျင်၌ နှာခေါင်းစည်းအခုရေ ၉၀၀၀ ကျော်ကို ဖြန့်ဝေပေးနိုင်ခဲ့ကြောင်းသိရသည်။

**သန့်ဇင် (မူဆယ်)**

**သရက်**

မကွေးတိုင်းဒေသကြီး သရက်မြို့ရှိ သုခရတနာဘိုးဘွားရိပ်သာတွင် အသုံးပြုနိုင်ရန်အတွက် PPE ဝတ်စုံ၊ နှာခေါင်းစည်း၊ သန့်ရှင်းရေးအဆီ၊ အောက်ဆီဂျင်ဘူးနှင့်ဆက်စပ်အသုံးပြုသည့် REGULATOR များကို မြို့နယ်ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက စက်တင်ဘာ ၂၁ ရက်က သုခရတနာဘိုးဘွားရိပ်သာ၌ လှူဒါန်းခဲ့သည်။

အဆိုပါ လှူဒါန်းမှုတွင် မြို့နယ်ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက PPE ဝတ်စုံအစုံ ၂၀၊ ပါးစပ်နှင့် နှာခေါင်းစည်း ၁၀ ဘူး၊ သန့်ရှင်းရေးအဆီ ငါးဘူးနှင့် အောက်ဆီဂျင်ဘူးနှင့်ဆက်စပ်အသုံးပြုသည့် REGULATOR နှစ်ခုတို့အား ဘိုးဘွားများ အသုံးပြုနိုင်ရန်အတွက် လှူဒါန်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းများ ဆောင်ရွက်



**ရှင်ဗွေယန်**

ကချင်ပြည်နယ် ရှင်ဗွေယန်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်း (Booster Dose) ထိုးနှံပေးခြင်းကို စက်တင်ဘာ ၂၁ ရက်က ထိုးနှံပေးခဲ့သည်။

အဆိုပါ ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေး ထိုးနှံခြင်းကို ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ရှင်ဗွေယန်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ Grade-4 မှ Grade-11 အထိ ပညာသင်ကြားလျက်ရှိသော ကျောင်းသားကျောင်းသူ ကျား ၁၅၉ ဦးနှင့် မ ၁၈၆ ဦး စုစုပေါင်း ၃၄၅ ဦး တို့အား ကိုဗစ် - ၁၉ ရောဂါ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ထိုးနှံပေးခဲ့သည်။

ထိုသို့ ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေးထိုးနှံရာသို့ ရှင်ဗွေယန်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးလွင်ဦး၊ ရပ်မိ/ရပ်ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ကျောင်းအကျိုးတော်ဆောင်များက ကြည့်ရှုအားပေးခဲ့ကြပြီး လိုအပ်သည်များကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရှင်ဗွေယန်(ပြန်/ဆက်)**

**ဒဂုံအရှေ့**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု မရှိစေရန်နှင့် ရောဂါဖြစ်ပွားမှု လျော့ကျစေရန် ရည်ရွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထပ်ဆောင်း ထိုးနှံပေးခြင်းကို မြို့နယ်ကျန်းမာရေးဝန်ထမ်းများက စက်တင်ဘာ ၂၁ ရက်က မလစ်အရှေ့ကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျေးရွာနေပြည်သူများထံ သွားရောက်ထိုးနှံပေးခဲ့သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများက ကျား ၂၅၀၊ မ ၂၆၀ စုစုပေါင်းကျေးရွာနေပြည်သူ ၅၁၀ ကို ထိုးနှံပေးခဲ့သည်။

ထိုသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ကာကွယ်ဆေးထိုးနှံသူများအား ကိုယ်ပူချိန်တိုင်းတာပေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်ပေးပြီး ထိုးနှံပေးခဲ့ခြင်းဖြစ်ကာ ကာကွယ်ဆေးထိုးနှံရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာတာဝန်ရှိသူများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**



# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၀၉ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ တစ်ဦးရှိ

**(၂၂-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၁-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၂-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၂,၂၃၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၀၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၃.၃၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၉၇၂,၂၈၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၂၀,၄၄၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၇၅) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၆,၂၈၀) ဦးရှိပြီ ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၄၅၂) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၁၉-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း (၁၃၈) ဦးရှိရာ ၎င်းတို့အနက် (၉၇) ဦး (၇၀ ရာခိုင်နှုန်း) မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့် နာတာရှည် ရောဂါအခံတစ်ခုခုရှိသူများ ဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၇၉.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝ ထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြပြီး (၁၈.၆) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားရှိသူများနှင့် (၂) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ**

| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၇၉.၄ ရာခိုင်နှုန်းသည် | ၁၈.၆ ရာခိုင်နှုန်းသည် | ၂ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများအတွင်း နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံမှုအခြေအနေကို လေ့လာသုံးသပ်ချက်အရ အဆိုပါပုဂ္ဂိုလ်များအနက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားသူများနှင့် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားသူများတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုကို သိသာစွာလျော့ချနိုင်ကြောင်းကို တွေ့ရှိရသည်ဖြစ်ရာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည်တို့ကဲ့သို့သော နာတာရှည်ရောဂါအခံတစ်ခုခုရှိသူ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းတို့အပြင် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၂၂**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၃၁၂ ဦး၊ ရောဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၉၁၃၅ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် လေးမြို့နယ်၌ ဒေသခံပြည်သူ ၁၁၄၃ ဦးနှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခရိုင်၌ ဒေသခံပြည်သူ ၆၃၉၇ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေး**

ထို့အတူ ကျောင်းသားကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသားကျောင်းသူ ၃၇၀၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၂၀၁၇ ဦးနှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခရိုင်၌ ကျောင်းသား ကျောင်းသူ ၃၁၉၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

**နှာခေါင်းစည်း အခမဲ့ပေးဝေ**

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူ ဖြစ်စေရန် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၂၁ ရက်နှင့် ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် လေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ခရိုင်များ အတွင်းရှိ မြို့နယ် ၄၅ မြို့နယ်၊ ရောဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ငါးမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ခြောက်မြို့နယ်၌ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံ တပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ကာကွယ်ရေး နှာခေါင်းစည်းတပ်ဆင်ရေး သန်လျင်၌ အသိပညာပေး

**သန်လျင် စက်တင်ဘာ ၂၂**

သန်လျင်မြို့နယ် ကိုဗစ် ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး နှာခေါင်းစည်း တပ်ဆင်ရေးအတွက် မြို့နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီက ဦးဆောင်၍ ယနေ့နံနက်တွင် သန်လျင်မြို့ သိမ်ကျောင်းလမ်းမကြီးတစ်လျှောက် လူစည်ကားရာနေရာများ၊ သန်လျင်မြို့မဈေးကြီးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများကို နှာခေါင်းစည်းများ ဖြန့်ဝေပေးသည်။



သန်လျင်မြို့နယ်၌ ယနေ့ဆောင်ရွက်သော ကိုဗစ်-၁၉ ကာကွယ်ရေး စုပေါင်းဆောင်ရွက်ရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်းနှင့် တာဝန်ရှိသူများ လူမှုရေးအသင်းအဖွဲ့များက လမ်းသွားလမ်းလာပြည်သူများ၊ ဘေးတွဲယာဉ်များ၊ မော်တော်ယာဉ်များ၊ ဈေးဆိုင်ပိုင်ရှင်များ၊ ဈေးရောင်း ဈေးဝယ်ပြည်သူများကို နှာခေါင်းစည်းအခမဲ့ဖြန့်ဝေပေးသည်။(အပေါ်ပုံ)

သန်လျင်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး၊ အသိပညာပေးခြင်း လုပ်ငန်းများကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ အရှိန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

## မြဝတီမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်း အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်

**မြဝတီ စက်တင်ဘာ ၂၂**

ကရင်ပြည်နယ် မြဝတီမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ် ထိန်းချုပ်နိုင်ရန်အတွက် ပြည်သူများလက်ဝယ်အရောက် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်းကို ယနေ့နံနက်ပိုင်းက ဘုရင့်နောင်လမ်းမကြီး မီးပွိုင့်ရှေ့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးတင့်၏ ဦးဆောင်မှုဖြင့် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများက ပူးပေါင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ယုံကြည်စိတ်ချရဆုံးမဟာမိတ်မှသည် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုဆီသို့ . . .

**ယနေ့ကမ္ဘာမှာ နိုင်ငံရေး၊ စီးပွားရေး အခင်းအကျင်းတွေ အခြေခံကအစအချိန်နှင့်အမျှ ပြောင်းလဲနေသည်ကို တွေ့ရသည်။ ဗဟိုချက်မတွေ ပြောင်းနေသည်။ အနောက်မှ အရှေ့သို့လည်းကောင်း၊ အနောက်မှ အရှေ့ပစိဖိတ်သို့လည်းကောင်း အရွေ့များကို တွေ့မြင်နေရသည်။ ထိုသို့ တိုးတက်ပြောင်းလဲနေမှုများကို ရုရှားနိုင်ငံ ပရီမော်စကီဒေသ၊ ဗလာဒီဗော့စတော့ခ်၌ ကျင်းပသော (၇) ကြိမ်မြောက် Eastern Economic Forum တွင် အကဲဖြတ်ခွင့်ရခဲ့ကြသည်။**

**မိုးမြင့်**

နိုင်ငံရေး၊ စီးပွားရေး၊ နည်းပညာ ငွေကြေးကဏ္ဍများတွင် နိုင်ငံကြီးအချို့၏ လက်ဝါးကြီးအုပ်လိုမှုနှင့် ရန်လိုသည့် ပဋိပက္ခများကြောင့် ဖြစ်လာရသည့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် " The path to a multi- polar world" ဗဟုဝန်ရိုးဆုံ ကမ္ဘာကြီးဆီလှမ်းမည့်ခြေလှမ်းများကို ရုရှားနှင့် တရုတ်တို့က ဦးဆောင်လှမ်းလာကြရာမှာ မြန်မာနိုင်ငံသည်လည်း အရေးပါသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်လာပြီဖြစ်သည်ကို ၅-၉-၂၀၂၂ ရက်မှ ၈-၉-၂၀၂၂ ရက်အထိ လေးရက်ကြာ ကျင်းပခဲ့သော EEF အရှေ့ဖျား စီးပွားရေးဖိုရမ်တွင် မျက်ဝါးထင်ထင် တွေ့လိုက်ရသောအခါ မြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးအတွက်ရော ဒေသတွင်းနှင့် ကမ္ဘာကြီးငြိမ်းချမ်းရေးအတွက်ပါ တာဝန်သိတာဝန်ရှိသည့် နိုင်ငံတွင်နေထိုင်ရသည့် ပြည်သူများအနေဖြင့် ဂုဏ်ယူမိပါသည်။

**Multi-polar world အရွေ့အတွက် gateway တစ်ခုဖြစ်လာနေ**

ပြန်ကြည့်လျှင် ကမ္ဘာကြီးမှာ အတ္တတွေက ကြီးစိုးနေသည်။ ထိပ်တိုက်ရင်ဆိုင်မှုများနှင့် မငြိမ်းချမ်းဟု ဆိုရမည်ဖြစ်သည်။ ကိုဗစ်-၁၉ နှင့် ယူကရိန်းစစ် double crisis ကြောင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ လမ်းချော်နေပြီး ဆင်းရဲမှု၊ ငတ်မွတ်မှု တသီတတန်းကြီးနှင့် ရင်မောစရာအတိဖြစ်သည်။

ဘေးပယောဂဖန်တီးမှုများနှင့် မပြီးနိုင်အောင် ဆွဲဆန့်ထားခြင်းခံနေရသည့် စစ်ပွဲများက ပေးနေသော လက်ငင်းအကျိုးပေးဆိုးကျိုးများကို ကမ္ဘာ့လူသားများ ခါးစည်းခံနေရသည်။ ပြီးခဲ့သည့်ရက်က သတင်းတစ်ပုဒ်မှာ ဖတ်လိုက်ရသည်။ ရုရှား၊ တူရကီနှင့် ကုလသမဂ္ဂတို့ ညှိနှိုင်းအစီအစဉ်ဖြင့် အငတ်ဘေးကျရောက်တော့မည့် လူသားများအတွက် ယူကရိန်းဆိပ်ကမ်းများမှတစ်ဆင့် ပို့လိုက်သည့် စားနပ်ရိက္ခာတင်သင်္ဘောများကို အီးယူနိုင်ငံအချို့က လူသားချင်းစာနာထောက်ထားမှုကျင့်ဝတ်ကို ချိုးဖောက်ပြီး လက်ဝါးကြီးအုပ်ဖြတ်ယူလိုက်သည့် သတင်းဖြစ်သည်။

ထိုကဲ့သို့သော အနိုင်ကျင့်ခံရမှုများနှင့် ဆင်းရဲမွဲတေမှုများကို ဖြေရှင်းပေးနိုင်မည့် ဖွံ့ဖြိုးမှုဆီ ဦးတည်နေသည့် ဤဖိုရမ်ကြီးသည် multi- polar world အရွေ့တစ်ခုအတွက် ဝင်ပေါက်ထွက်ပေါက် gateway တစ်ခုဖြစ်လာနေပါကြောင်း နိုင်ငံအများစုမှ ပါဝင်တက်ရောက်သူ (၇၄ ရာခိုင်နှုန်း)က အသိအမှတ်ပြုအားကိုးလာကြသည်ကို တွေ့ရှိရပါသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Eastern Economic Forum-2022 ၏ မျက်နှာစုံညီအစည်းအဝေး Plenary Session ၌ ဆွေးနွေးစဉ်။

**နိုင်ငံတကာ ပလက်ဖောင်းတစ်ခုဖြစ်လာနေသည့် EEF 2022**

ရုရှားနိုင်ငံ၌ ကျင်းပခဲ့သော EEF 2022 ဖိုရမ်သည် စွမ်းအင်အကျပ်အတည်း၊ စားနပ်ရိက္ခာ အကျပ်အတည်း ဆိုက်နေသော ကမ္ဘာကြီးအတွက် ဖြေဆေးတစ်ခုဟု မြင်ပါသည်။ အချို့ ဒေဝါလီခံနေရသည့် နိုင်ငံတချို့အတွက် ကယ်တင်ရှင် အားဆေးတစ်ခုနှယ် အားကိုးမိပါသည်။ ဖိုရမ်ကို လက်ခံကျင်းပသော ရုရှားနိုင်ငံနှင့်အတူ အရေးယူပိတ်ဆို့မှုများနှင့် ဖိအားမျိုးစုံကို ရင်ဆိုင်နေရသော မြန်မာ၊ အီရန်၊ ဘီလာရုစ် စသည့်နိုင်ငံများ ပူးပေါင်းပါဝင်လာခွင့် ရရှိလာကြပြီဖြစ်သည်။

အိမ်ရှင်နိုင်ငံ၏ အရှေ့ဖျားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အာရှပစိဖိတ်ဒေသ နိုင်ငံများ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး ရည်မှန်းချက်များကြောင့် စိန်ခေါ်မှုများကြားက မက်ခရိုဒေသကြီး၏ အရေးပါမှုမှာ ပို၍သိသာထင်ရှားလာပါသည်။ မက်ခရိုဟု တင်စားထိုက်သည်က ရှုဘယ်လ် ၂ ဒသမ ၇ ထရီလီယံတန် ရင်းနှီးမြှုပ်နှံမှု ပရောဂျက်ပေါင်း ၂၇၂၉ ခုနှင့်အတူ ၎င်းတို့ထဲမှ ၅၂၅ ခုမှာ ယခုအခါ စတင်အသက်ဝင်နေ၍ ဖြစ်ပါသည်။ ဖိုရမ်က စာချုပ်ချုပ်ဆိုမှု ၂၉၀ ကျော်ကို ချုပ်ဆိုနိုင်ခဲ့ပြီး အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၁၀၀၀၀၀ ကျော်ကိုဖန်တီးပေးနိုင်မည်ဟုသိရပါသည်။

ကိုဗစ်ကို ကောင်းစွာထိန်းချုပ်ပြီးမှ ပထမဆုံး ကျင်းပခဲ့သော ဤကမ္ဘာ့ EEF ဖိုရမ်ကြီးတွင် ဧည့်သည် ၇၀၀၀ ကျော်၊ နိုင်ငံ ၆၈ နိုင်ငံမှ မီဒီယာကိုယ်စားလှယ်များ၊ ကမ္ဘာတစ်ဝန်း ကုမ္ပဏီပေါင်း ၇၀၀ က လုပ်ငန်းရှင် ၁၇၀၀ ခန့် ပါဝင်တက်ရောက်ဆွေးနွေးကြခြင်းဖြင့် ကမ္ဘာ့စီးပွားရေး လှုပ်ရှားမှုများ၏ ဗဟိုချက်မ သို့မဟုတ် နိုင်ငံတကာ ပလက်ဖောင်းတစ်ခုသဖွယ် မြင်တွေ့နေရပြီဖြစ်ပါသည်။

**ယုံကြည်မှုများနှင့်အတူ ပူးပေါင်းဆောင်ရွက်မှုများ ထင်ဟပ်နေသည့်ဖိုရမ်**

တရုတ်၊ မြန်မာ၊ မွန်ဂိုလီးယား၊ အိန္ဒိယ၊ အာမေနီးယန်းနှင့် တောင်ကိုရီးယားနိုင်ငံတို့က အတော့်တင့်ဆုံးသော ကိုယ်စားလှယ်များဖြင့် တက်ရောက်လာခဲ့ခြင်းသည် ဖိုရမ်အပေါ်ယုံကြည်မှုကို ထင်ဟပ်စေပြီး ပူးပေါင်းဆောင်ရွက်လိုမှုများကို ပို၍တိုးတက်စေမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အပါအဝင် နိုင်ငံအစိုးရအဖွဲ့များမှ အဆင့်မြင့်ဆုံး အကြီးအကဲ ၁၅ ဦး ပါဝင်တက်ရောက်လာကြပြီး အိန္ဒိယ၊ မလေးရှားနှင့် ဗီယက်နမ်ဝန်ကြီးချုပ်များက ဗီဒီယိုမှတစ်ဆင့် နှုတ်ခွန်းဆက်သကြသည်ကို တွေ့ရသည်။

ဖိုရမ်တွင် အဓိကမဏ္ဍိုင်ခြောက်ခုကို အဓိကထားဆွေးနွေးခဲ့ကြသည်။ ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှုတွင် ရုရှားနိုင်ငံက မည်သည့်နေရာက ပါဝင်နေပါသလဲ၊ လုပ်သားအင်အားစုကြီးကို ကမ္ဘာပေါ်မှာ ဘယ်လိုဖြန့်ခွဲကြမလဲ၊ ငွေကြေးဈေးကွက်နှင့် လူသားများ၏ ဘဝအရည်အသွေးများကို ဘယ်လိုဖန်တီးယူကြမလဲ၊ ခရီးသွားကဏ္ဍ၊ နိုင်ငံတိုင်းအတွက် ပေါ်ပေါက်လာမည့် ကိုယ်ပိုင်ကုန်သွယ်ရေးလမ်းကြောင်းနှင့် စာသင်ခန်းများမှာ ရုရှားမျိုးချစ်လူငယ်များ မွေးထုတ်ပေးနိုင်ရေး စသည့်ကဏ္ဍများကို စိတ်ပါဝင်စားစွာ ဆွေးနွေးခဲ့ကြသည်။

ပါဝင်ဆွေးနွေးသူအများစုက နိုင်ငံတကာ ဆက်ဆံရေးပုံစံသစ်တစ်ခုကို တည်ဆောက်ပြီး နိမ့်ကျနေသော စီးပွားရေးဖွံ့ဖြိုးမှုဆီ လှမ်းမျှော်နိုင်မည့် ဗဟုဝင်ရိုးတန်း ကမ္ဘာကြီးတစ်ခုဆီသို့ အလျင်အမြန်ကူးပြောင်းလိုနေကြသည်။ ထိုသို့ကူးပြောင်းနိုင်မှလည်း စီးပွားရေးစစ်ပွဲများ၊ အချုပ်အခြာအာဏာယိုယွင်းမှုများမှ ကာကွယ်နိုင်မည်ဖြစ်သည်ကို အားလုံးက နားလည်သဘောပေါက်ကြသည်။ သို့သော် စီးပွားရေးအရ အပြိုင်အဆိုင် ရှိရန်ကိုတော့ အားပေးထားသည်ကို တွေ့ရသည်။

**ရင်းနှီးသော ဆက်ဆံရေးမှတစ်ဆင့် ယုံကြည်စိတ်ချရသော မဟာမိတ်အဖြစ်သို့**

EEF ဆိုသော အခွင့်အလမ်းကောင်းတစ်ခုက ရုရှားနိုင်ငံကြီး၏ ယုံကြည်စိတ်ချရဆုံးသော မိတ်ဖက်နိုင်ငံတစ်ခုအဖြစ် မြန်မာနိုင်ငံကို အားအင်အသစ်များ မွေးဖွားပေးခဲ့ပြန်ပါပြီ။ ပို၍ပို၍ ရင်းနှီးသော ဆက်ဆံရေးမှတစ်ဆင့် အရင်းနှီးဆုံးသော မဟာမိတ်အဖြစ် ရပ်တည်မှု ခိုင်မာလာခြင်းပင်ဖြစ်သည်။ စစ်ဘက်၊ အရပ်ဘက်နယ်ပယ်စုံတွင် အခြေခံအဆောက်အအုံများ၊ နည်းပညာရင်းနှီးမြှုပ်နှံမှုများ ယခုထက်တိုးပွားလာမည်ဖြစ်ပါသည်။ ကမ်းလွန်နည်းပညာ တူးဖော်မှုနည်းပညာများ၊ အကြီးစားစက်မှုလုပ်ငန်းများ အပါအဝင် နျူကလီးယားနည်းပညာများကို ရယူနိုင်စွမ်းရှိလာပါတော့မည်။ ထိုနည်းပညာများမှတစ်ဆင့် အမိနိုင်ငံ၏ ပေါများကြွယ်ဝသော ရေနံ၊ ဓာတ်ငွေ့၊ သံ၊ သတ္တု သယံဇာတများကို လက်တွေ့ထုတ်ယူနိုင်စွမ်းအား မြင့်မားလာတော့မည်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုများလာလျှင် မြန်မာနိုင်ငံက လူငယ်လုပ်သားများ ပြည်ပကိုထွက်၍ အလုပ်သွားလုပ်မှုများလည်း လျော့ပါးလာမည်ဟု တွေးမိပါသည်။ အခွင့်အလမ်းကို ထိထိရောက်ရောက် ဆုပ်ကိုင်နိုင်ပါက ဈေးသက်သာသော မြန်မာလူငယ်လုပ်သားများစွာကို အိမ်နီးချင်း ထိုင်းတို့၊ မလေးရှားတို့က လွယ်လွယ်နှင့် ခေါင်းပုံဖြတ်၍ မရနိုင်တော့ဟု မျှော်တွေးမိပါသေးသည်။

*စာမျက်နှာ ၁၇ သို့*

- **မြန်မာနှင့် ရုရှားနိုင်ငံတို့ ခိုင်မာသော မဟာမိတ်တည်ဆောက်ခြင်းက သက်ဆိုင်ရာနိုင်ငံများအပြင် မြန်မာနိုင်ငံပါဝင်သော ဒေသတွင်းအဖွဲ့အစည်းများနှင့် နိုင်ငံများအပေါ် ကြီးစွာသော အကျိုးသက်ရောက်မှုများရှိသည်ဟု မြင်ကြပါသည်။ ဤတွင် ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေးသဘောများပါ ပါဝင်လာသည်။ မြန်မာနိုင်ငံသည် အရှေ့တောင် အာရှဒေသအတွက်ရော အာရှ-ပစိဖိတ်ဒေသကြီးတစ်ခုလုံးအတွက်ပါ အရေးပါသောနိုင်ငံဖြစ်**
- **နိုင်ငံရေး၊ စီးပွားရေးအတွက် ပထဝီသဘောတရား အခြေခံများက သက်ဆိုင်ရာနိုင်ငံများ၏ မဟာဗျူဟာအကျိုးစီးပွားကို ဖော်ဆောင်ပါသည်။ မိမိအတွက်ရော ဒေသတွင်း နိုင်ငံများအတွက်ပါဖြစ်**

*စာမျက်နှာ ၁၆ မှ*

**ပထဝီနိုင်ငံရေး စီးပွားရေးအရ ဆုံမှတ်သဖွယ် အချက်အချာကျရာမြန်မာ**

**❖ ရုရှားနိုင်ငံနှင့် အာရှပစိဖိတ်ရပ်ဝန်းနိုင်ငံများအကြား စီးပွားရေးအပါအဝင် နယ်ပယ်စုံမှ ရလဒ်ကောင်းများကို EEF ဖိုရမ်က သယ်ဆောင်ပေးတော့မည်ဖြစ်ပါသည်။ အမိမြေပြည်ထောင်စုကြီး၏ အချုပ်အခြာအာဏာကို ပိုင်ပိုင်နိုင်နိုင် ကာကွယ်စောင့်ရှောက်လျက် နိုင်ငံနှင့် ပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်ရေးနှင့် တည်ငြိမ်အေးချမ်းမှုကို ပိုမိုဆောင်ကြဉ်းပေးနိုင်တော့မည်ဟု ယုံကြည်မိ**

မြန်မာနှင့် ရုရှားနိုင်ငံတို့ ခိုင်မာသော မဟာမိတ်တည်ဆောက်ခြင်းက သက်ဆိုင်ရာ နိုင်ငံများအပြင် မြန်မာနိုင်ငံ ပါဝင်သော ဒေသတွင်းအဖွဲ့အစည်းများနှင့် နိုင်ငံများအပေါ် ကြီးစွာသော အကျိုးသက်ရောက်မှုများရှိသည်ဟု မြင်ကြပါသည်။ ဤတွင် ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေးသဘောများပါ ပါဝင်လာသည်။ မြန်မာနိုင်ငံသည် အရှေ့တောင် အာရှဒေသအတွက်ရော အာရှ-ပစိဖိတ်ဒေသကြီးတစ်ခုလုံးအတွက်ပါ အရေးပါသောနိုင်ငံ ဖြစ်သည်။

အာရှတိုက်၏ အရှေ့ပိုင်းနှင့် အလယ်ပိုင်းကို အလွယ်တကူ ဝင်ထွက်နိုင်သော ဆုံမှတ်တွင်ရှိသည်။ အိန္ဒိယအတွက် အရှေ့တောင်အာရှထွက်ပေါက်နှင့် တရုတ်အတွက် အိန္ဒိယသမုဒ္ဒရာသို့ ဘင်္ဂလားပင်လယ်အော်ဝင်ပေါက်တွင်ရှိနေသော ရခိုင်ကမ်းရိုးတန်းသည် အလွန်အရေးပါပြီး အချက်အချာကျသည်။ တရုတ်၏ OBOR ပတ်လမ်း ကမ္ဘာလုံးဆိုင်ရာ အခြေခံအဆောက်အအုံစီမံကိန်းတွင် မြန်မာနိုင်ငံ၏ အရေးကြီးသော ပင်လယ်ဆိပ်ကမ်းများ ပါဝင်ပတ်သက်နေသည်ကို အားလုံးကသတိပြုမိကြသည်။ ပစိဖိတ်သမုဒ္ဒရာကို ဖောက်ထွက်နိုင်သည့် ကပ္ပလီပင်လယ်ထွက်ပေါက်ရှိရာ တနင်္သာရီကမ်းရိုးတန်းကို ပိုင်ဆိုင်ထားခြင်းဖြင့် အရေးပါသော ကမ်းရိုးတန်းနှစ်ခုရှိနေခြင်းက မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေး အားသာချက်များအဖြစ် ပုံဖော်နေသည်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံသည် အိန္ဒိယနှင့် တရုတ်၊ အခြားအရှေ့တောင်အာရှနိုင်ငံများအတွက် စကြံလမ်းကြောင်းတစ်ခုတည်းတွင် ရပ်တည်နေသည်ဟု ဆိုရမည်ဖြစ်သည်။

နိုင်ငံရေး၊ စီးပွားရေးအတွက် ပထဝီသဘောတရား အခြေခံများက သက်ဆိုင်ရာ နိုင်ငံများ၏ မဟာဗျူဟာအကျိုးစီးပွားကို ဖော်ဆောင်ပါသည်။ “ကျွဲကူးရေပါ”၊ “ရေမြင့် ကြာတင့်” ဆိုသလို မိတ်ဆွေကောင်းတို့ မဟာမိတ်တို့မည်သည် ကောင်းမွန်သော အကျိုးကိုသာ ဖြစ်ထွန်းစေပါသည်။ မိမိအတွက်ရော ဒေသတွင်းနိုင်ငံများ အတွက်ပါ ဖြစ်သည်။ စွမ်းအင်အကျပ်အတည်းကာလတွင် ရေနံနှင့် စွမ်းအင်ကို ပိုင်ဆိုင်သော နိုင်ငံကြီးတစ်နိုင်ငံနှင့် မဟာမိတ်ဖြစ်မှုသည် ရေနံလိုအပ်ချက်နှင့် ရင်ဆိုင်နေရသော ဒေသတွင်း စွမ်းအင်ပြဿနာကို ရေရှည်ဖြေရှင်းနိုင်ရေး အကျိုးဖြစ်ထွန်းစေပါလိမ့်မည်။ ဆိုလိုသည်မှာ ရေနံလောင်စာသယ်ယူဆက်သွယ်မှုလမ်းကြောင်းများ ပိုမိုကောင်းမွန်လာပြီး ယခုထက်လုံခြုံစိတ်ချထိရောက်သည့်ဘက်သို့ ဦးတည်နိုင်မည့် အနေအထားတစ်ခုအထိ ရောက်ရှိသွားနိုင်ခြင်းကို ဆိုလိုပါသည်။

အချုပ်အားဖြင့်တော့ ရုရှားနိုင်ငံနှင့် အာရှပစိဖိတ်ရပ်ဝန်းနိုင်ငံများအကြား စီးပွားရေးအပါအဝင် နယ်ပယ်စုံမှ ရလဒ်ကောင်းများကို EEF ဖိုရမ်က သယ်ဆောင်ပေးတော့မည်ဖြစ်ပါသည်။ အမိမြေပြည်ထောင်စုကြီး၏ အချုပ်အခြာအာဏာကို ပိုင်ပိုင်နိုင်နိုင် ကာကွယ်စောင့်ရှောက်လျက် နိုင်ငံနှင့် ပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်ရေးနှင့် တည်ငြိမ်အေးချမ်းမှုကို ပိုမိုဆောင်ကြဉ်းပေးနိုင်တော့မည်ဟု ယုံကြည်မိပါသည်။

အထူးသဖြင့် သားစဉ်မြေးဆက်တစ်လျှောက် မျိုးဆက်သစ်များအတွက် မြော်မြင်ထားသည် ဆိုလျှင်လည်း မမှားပါ။ မဝေးတော့သော အနာဂတ်တစ်ခုတွင် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၌ အသက်တမျှ အရေးကြီးသည့် တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးမှတစ်ဆင့် မဲခေါင်နှင့် အရှေ့တောင်အာရှ အပါအဝင် ဒေသတွင်းနှင့် ကမ္ဘာကြီးငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ တာဝန်သိ၊ တာဝန်ရှိ နိုင်ငံတစ်နိုင်ငံအနေဖြင့် ပိုမို၍အထောက်အကူပြုနိုင်တော့မည်ဖြစ်ပါကြောင်း တင်ပြရေးသားလိုက်ရပါသည်။ ။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၄၀ | ၂၂၈၀ | ၂၂၈၅ | ၂၂၅၀ | ၂၂၈၅ | ၂၃၁၀ | ၂၂၉၅ | ၂၂၇၅ | ၂၃၆၅ | ၂၃၈၅ | ၂၂၈၀ | ၂၂၉၀ | ၂၃၂၅ | ၂၃၂၅ | ၂၃၂၅ | ၂၅၄၅ | ၃၀၀၅ |
| 95 Ron | ၂၃၂၀ | ၂၃၇၀ | ၂၃၆၅ | ၂၃၃၀ | ၂၃၆၅ | ၂၃၉၀ | ၂၃၇၅ | ၂၃၅၅ | ၂၄၄၅ | ၂၄၆၀ | ၂၃၆၀ | ၂၃၇၅ | ၂၄၀၅ | ၂၄၀၅ | ၂၄၀၅ | ၂၆၂၅ | ၃၀၉၅ |
| HSD (500 ppm) | ၂၇၃၀ | ၂၇၇၅ | ၂၇၇၅ | ၂၇၃၅ | ၂၇၇၅ | ၂၇၉၅ | ၂၇၉၀ | ၂၇၆၀ | ၂၈၇၅ | ၂၈၇၀ | ၂၇၆၅ | ၂၇၈၀ | ၂၈၁၀ | ၂၈၁၀ | ၂၈၁၅ | ၃၀၃၀ | ၃၇၁၀ |
| HSD (50 ppm) | ၂၈၁၅ | ၂၈၆၀ | ၂၈၆၀ | ၂၈၂၀ | ၂၈၆၀ | ၂၈၈၀ | ၂၈၇၅ | ၂၈၄၅ | ၂၉၆၀ | ၂၉၅၅ | ၂၈၅၀ | ၂၈၆၅ | ၂၈၉၅ | ၂၈၉၅ | ၂၉၀၀ | ၃၁၁၅ | ၃၇၄၅ |
| HSD (10 ppm) | ၂၈၁၅ | ၂၈၆၀ | ၂၈၆၀ | ၂၈၂၀ | ၂၈၆၀ | ၂၈၈၀ | ၂၈၇၅ | ၂၈၄၅ | ၂၉၆၀ | ၂၉၅၅ | ၂၈၅၀ | ၂၈၆၅ | ၂၈၉၅ | ၂၈၉၅ | ၂၉၀၀ | ၃၁၁၅ | ၃၇၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၃၇ | ၂၂၁၃ |
| 95 Ron | ၂၂၁၄ | ၂၂၈၂ |
| HSD (500 ppm) | ၂၆၁၂ | ၂၆၉၄ |
| HSD (50 ppm) | ၂၆၈၂ | ၂၇၇၅ |
| HSD (10 ppm) | ၂၆၈၂ | ၂၇၇၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၂** ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ရွှေမြိုင်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ မဟာမြိုင်ပရိယတ္တိ စာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ ဓမ္မသုခပရိယတ္တိ စာသင်တိုက်၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်ရှိ ဝိဇာတဗိမာန် မိုးကုတ်ကျောင်းတိုက်၊ သာကေတမြို့နယ်ရှိ ညောင်ရိပ်သာ ကျောင်းတိုက်နှင့် အင်းစိန်မြို့နယ်ရှိ မြတ်သန္တာ ကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ဓမ္မောဒယ ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ သရက်တောကျောင်းတိုက်၊ မန္တလေး တိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မြဘယက်သာမဏေ ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ဥဿာပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ရှိ အောင်တော်မူကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဝေဠုဝန်ကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ ရန်အောင်မြင်ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မွန်ပြည်နယ် ရေးမြို့နယ်၌ နှင်းစုံတံတားအမှတ် (၁/၈၅) သံကူကွန်ကရစ်တံတားအား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် စက်တင်ဘာ ၂၂**

မွန်ပြည်နယ် ရေးမြို့နယ်၌ နှင်းစုံတံတားအမှတ် (၁/၈၅) သံကူကွန်ကရစ်တံတားအား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၁ ရက် ည ၆ နာရီ ၃၅ မိနစ်တွင် မွန်ပြည်နယ် ရေးမြို့နယ် လမိုင်း-တောင်ဘုံ-သောင်ပြင်-အာယုတောင်သွားကားလမ်း နှင်းစုံကျေးရွာ ကျောက်ခွဲစက်အနီး မိုင်တိုင်အမှတ် ၈၄ မိုင် ၀ ဖာလုံနှင့် ၅ ဖာလုံကြား အရှည် ပေ ၁၂၀၊ အနံ ၂၄ ပေရှိ နှင်းစုံသံကူကွန်ကရစ်တံတားအမှတ်(၁/၈၅) အား PDF အမည်ခံအကြမ်းဖက်အဖွဲ့များက မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ပေါက်ကွဲမှုကြောင့် သံကူကွန်ကရစ်တံတား၏ ယာဘက်ကြမ်းခင်း ၁၀ ပေ ခန့်ပျက်စီးဆုံးရှုံးခဲ့ပြီး ဆိုင်ကယ်နှင့် ယာဉ်ငယ်များသာ ဖြတ်သန်းသွားလာနိုင်ပြီး ယာဉ်ကြီးများ ဖြတ်သန်းသွားလာနိုင်ခြင်းမရှိကြောင်း သိရသည်။

ထိုသို့ ပျက်စီးသွားသည့် တံတားအား ပြန်လည်ပြုပြင်နိုင်ရေး သက်ဆိုင်ရာ တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိကြောင်းနှင့် တံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများကို ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





● *ကျောဖုံးမှ*

ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း၊ ထိုသို့ ဖမ်းဆီးစဉ် **ဇော်လင်းအောင်**သည် လုံခြုံရေးတပ်ဖွဲ့ဝင်များကိုင်ဆောင်သည့် လက်နက်အား လုယူထွက်ပြေးရန် ကြိုးစားခဲ့သဖြင့် ခြောက်လှန့်ပစ်ခတ်ဖမ်းဆီးခဲ့ရာ အသေဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်တွင် စုစုပေါင်းတရားခံ အမျိုးသား ရှစ်ဦး ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ **စိုင်းထက်အောင်၊ လှိုင်မျိုးအောင်၊ ကြွံခိုင်ထွန်း၊ ဇော်မင်းထွေး၊ အောင်ကိုလတ်၊ ကျော်သူ၊ ဖိုးဦး** နှင့် **ဇော်လင်းအောင်**တို့သည် ဖမ်းဆီးရန်ကျန် တရားခံ **မင်းမင်းဦး** ၏ စည်းရုံးမှုဖြင့် ၂၀၂၂ ခုနှစ် ဇူလိုင်လ ဒုတိယပတ်ခန့်တွင် မြောင်မြို့နယ် ညောင်ကန်ကျေးရွာအနီးကိုင်းတောအတွင်း၌ အကြမ်းဖက် လုပ်ကြံသတ်ဖြတ်ရေး သင်တန်း တစ်လခန့် တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ထို့အပြင် ငါန်းဇွန်မြို့နယ်နှင့် မြောင်မြို့နယ်အတွင်း အကြမ်းဖက် လုပ်ကြံသတ်ဖြတ်မှုများ ဆောင်ရွက်ရန်အတွက် ဇာမဏီပြောက်ကျားအမည်ခံ အကြမ်းဖက်အဖွဲ့အား ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ဖမ်းဆီးရန်ကျန် တရားခံ **အောင်ဝင်းဦး** ခေါင်းဆောင်၍ **စိုင်းထက်အောင်၊ လှိုင်မျိုးအောင်၊ ကြွံခိုင်ထွန်း၊ ဇော်မင်းထွေး၊ အောင်ကိုလတ်၊ ကျော်သူ၊ ဖိုးဦး၊ ဇော်လင်းအောင်** နှင့် ဖမ်းဆီးရန်ကျန် တရားခံ **မိုးကျော်ဦး၊ မင်းမင်းဦး**တို့ အပါအဝင် အင်အား ၄၄ ဦးခန့်ဖြင့် ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဇာမဏီပြောက်ကျားအမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များသည် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ ထိတ်လန့်မှု ဖြစ်စေရန် ရည်ရွယ်၍ အပြစ်မဲ့ပြည်သူများကို ရက်စက်ယုတ်မာစွာဖြင့် လုပ်ကြံသတ်ဖြတ်မှု လေးကြိမ် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

၂၀၂၂ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် **လှိုင်မျိုးအောင်၊ ကြွံခိုင်ထွန်း** နှင့် ဖမ်းဆီးရန်ကျန် တရားခံ **မင်းမင်းဦး** အပါအဝင် ဇာမဏီပြောက်ကျားအမည်ခံ အကြမ်းဖက် အဖွဲ့ဝင် ၁၅ ဦးသည် ငါန်းဇွန်မြို့နယ် ထနောင်းကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး၏ နေအိမ်သို့ သွားရောက်၍ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှိုင်မင်းထွန်းနှင့် ဇနီး ဒေါ်မြင့်တို့ကို ဒလန်ဟု စွပ်စွဲ၍ လူမဆန်စွာ ခေါင်းဖြတ်သတ်ဖြတ်ခဲ့ကြောင်း။

စက်တင်ဘာ ၂ ရက်တွင် ဖမ်းဆီးရန်ကျန် တရားခံ **မင်းမင်းဦး**နှင့် **စိုင်းထက်အောင်**တို့သည် ငါန်းဇွန်မြို့နယ် ကန့်လန့်ကျေးရွာ၌ အပြစ်မဲ့ပြည်သူ ဦးမင်းအောင်ကို ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။

စက်တင်ဘာ ၁၆ ရက်တွင် ဖမ်းဆီးရန်ကျန် တရားခံ **မင်းမင်းဦး**နှင့် **စိုင်းထက်အောင်**တို့ အပါအဝင် ဇာမဏီပြောက်ကျားအမည်ခံ အကြမ်းဖက်အဖွဲ့ဝင် ၁၅ ဦးသည် ငါန်းဇွန်မြို့နယ် ကန့်လန့်ကျေးရွာနေ အပြစ်မဲ့ပြည်သူ ဦးဘမော်ကို ဒလန်ဟုစွပ်စွဲကာ ကန့်လန့်ကျေးရွာ အထက်တန်းကျောင်းအရှေ့၌ ရက်စက်စွာ ခေါင်းဖြတ်သတ်ဖြတ်ခဲ့ကြောင်း။

အလားတူ ယင်းနေ့တွင် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော **မင်းမင်းဦး**၏ စေခိုင်းချက်အရ ဇာမဏီပြောက်ကျားအမည်ခံ အကြမ်းဖက်အဖွဲ့ဝင် လေးဦးသည် ကန်သာကျေးရွာနေ အပြစ်မဲ့ပြည်သူ ဦးမျိုးမြင့်ကို ဒလန်ဟု စွပ်စွဲကာ ကန်သာကျေးရွာ ရွာလယ်လမ်းမပေါ်၌ ရက်စက်စွာ ခေါင်းဖြတ်သတ်ဖြတ်ခဲ့ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံ အသိပေး သတင်းထုတ်ပြန်ထားကြောင်း သိရသည်။ **သတင်းစဉ်**

ငါန်းဇွန်မြို့နယ်နှင့် မြောင်မြို့နယ်အတွင်း အပြစ်မဲ့ပြည်သူများအား လူမဆန်စွာ ခေါင်းဖြတ်သတ်ဖြတ်ခဲ့သည့် ဇာမဏီပြောက်ကျားအမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များ ဖမ်းဆီးရမိမှု အခြေပြဇယား။




၂၀၂၂ ခုနှစ် ဇူလိုင်လ ၁၈ ရက်တွင် ငါန်းဇွန်မြို့နယ် ထနောင်းကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ဇနီးဖြစ်သူတို့ ရက်စက်စွာ ခေါင်းဖြတ်သတ်ဖြတ်ခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ။



ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှိုင်မင်းထွန်း(၄၅)နှစ်(သေဆုံး)



ဒေါ်မြင့်(၅၅)နှစ်(သေဆုံး)

၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ငါန်းဇွန်မြို့နယ် ကန့်လန့်ကျေးရွာ အထက်တန်းကျောင်းရှေ့၌ အပြစ်မဲ့ပြည်သူတစ်ဦး ရက်စက်စွာ ခေါင်းဖြတ်သတ်ဖြတ်ခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ။



ဦးဘမော်(၆၉)နှစ်(သေဆုံး)

၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ငါန်းဇွန်မြို့နယ် ကန်သာကျေးရွာ ရွာလယ်လမ်းမပေါ်၌ အပြစ်မဲ့ပြည်သူတစ်ဦး ရက်စက်စွာ ခေါင်းဖြတ်သတ်ဖြတ်ခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ။



ဦးမျိုးမြင့်(၅၂)နှစ်(သေဆုံး)

၂၀၂၂ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် ငါန်းဇွန်မြို့နယ် ကန့်လန့်ကျေးရွာ၌ အပြစ်မဲ့ပြည်သူတစ်ဦး လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ။



ဦးမင်းအောင် (၄၀)နှစ် (သေဆုံး)

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၃-၉-၂၀၂၂ သောကြာနေ့

**MRTV HD**

**၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (အာဋာနာဋိယသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** အရှေ့မျှားစီးပွားရေးဖိုရမ်မှသည်ပန်းတိုင်ဆီသို့
**၀၉:၁၀** မျက်မှောက်ရေးရာအဖြာဖြာ
**၀၉:၄၀** Soccer View
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** လူမှုစီးပွားမြင်ကွင်းများ
**၁၂:၃၀** မြန်မာဇာတ်လမ်းတွဲ 'အချစ်ရဲ့အိပ်မက်တန်ဖိုး' (အပိုင်း-၁၉)
**၁၃:၃၀** MRTV National News
**၁၄:၄၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၁၇)
**၁၆:၃၅** လူငယ်ရေးရာအစီအစဉ်
**၁၇:၁၀** ASEAN Information Exchange Initative Program 2022(Part-8)
**၁၇:၃၅** Weekly Sports Info
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သုတဝေဖြာ သီရိဂေဟာ
**၁၉:၁၀** မြန်မာဇာတ်လမ်းတွဲ '**အချစ်ရဲ့အိပ်မက်တန်ဖိုး**' (အပိုင်း-၂၀) (ဇာတ်သိမ်းပိုင်း)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** စိန်ရတုလွှတ်လပ်ရေးနေ့ဂုဏ်ပြုသီချင်းဆိုပြိုင်ပွဲ 'တူယှဉ်နွဲပျော်ဂီတပွဲတော် Season-2' တေးသီချင်းဆိုပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (အုပ်စု-၁)(ပွဲစဉ်-၄)

**mitv**

**07:02** Evergreen Classic: Sone Taw Myaing (Takkatho Lae Lae)
**07:10** The Listening Eye
**07:25** Gold: King Of All Metals
**08:01** News
**08:28** Ecotourism: The Tourist Attractions of Mingun, Sagaing
**08:52** Chaung Tha Souvenir Business
**09:01** Kayah Traditional Dance
**09:14** Local Tour Guide: Pho Khant
**09:28** Mosaic Painting (Precious Stones & Gems)
**09:43** Clam Farming
**10:01** News
**10:26** Global Partnership for Brighter Future: Papua New Guinea Pavilion at Expo 2020 Dubai

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** စွဲမက်စရာဇင်ပြိုးသီးတာလပေါ့ဟင်းလျာ
**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၀)
**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)** နှိုင်းယှဉ်ဆုံးမစကား(စကားပုံများ)
**မွန် (၀၉:၀၀ မှ ၁၁:၀၀)** ဆေးပက်ဝင်ဝေဒါပင်
**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)** လှမ်းခဲ့ပါလေတောင်တိုမြေ
**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)** မောတို့ဌာနေမြို့ညောင်ရွှေနှင့်အင်းလေးအလှ
**ဝ (၁၅:၀၀ မှ ၁၇:၀၀)** ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည်(အပိုင်း-၇)
**ကချင် (၁၇:၀၀ မှ ၁၉:၀၀)** ခနူးရိုးရာဝတ်စားဆင်ယင်ပုံ
**ကယား (၁၉:၀၀ မှ ၂၁:၀၀)** ယင်းတလဲတိုင်းရင်းသားနှင့်သမိုင်းဝင်စောလုံကျေးရွာ
**ဝကကကရင် (၂၁:၀၀ မှ ၂၂:၀၀)** တိမ်ပင်လယ်သို့ခြေဆန့်ခြင်း
**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)** တေးသံဖြာဝေဖားစည်မြေ(အပိုင်း-၂)

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၄၅** ASEAN Information Exchange Initiative 2022 (Part-10)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလဲ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**တစ်လင်နှင့်တစ်မယား**'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း(အပိုင်း-၇)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း ကိုရီးယားနိုင်ငံ(အပိုင်း-၂)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၇)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၇:၀၀** ကျေးလက်တွန်ရက်(၁၂)
**၀၇:၄၀** စီးပွားဖြစ်နိုင်တစ်ပိုင်တစ်နိုင်ဒေသကြက်နှင့် ဘဲမွေးမြူအပိုင်
**၀၈:၂၀** ပိုးစာစိုက်ပျိုးဝင်ငွေတိုး
**၀၉:၄၅** ပျဉ်းမနားမြို့နယ်တွင်းဆီကကရင်၊ ပတ္တိုင်သွေးချင်းတို့ရဲ့ကော်ဖီစိုက်ပျိုးရာမြေ

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၃၀** Soccer View/Weekly Sports Info/ Sports Diary/ Weekly MNL Review
**၀၇:၄၅** အားကစားလောကထဲက သုတိအကြောင်း
**၀၈:၀၀** ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ဝန်ထမ်းများအတွက် အရည်အသွေးမီဆန်များ ဈေးနှုန်းမှန်ကန်ချိုသာစွာဖြင့် ရောင်းချပေး



**နေပြည်တော် စက်တင်ဘာ ၂၂**

ပြည်သူများ အရည်အသွေးမီဆန်များ ဈေးနှုန်းမှန်ကန်ချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန်အတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်-တပ်ကုန်းခရေပင်လမ်းခွဲရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း သတင်းစာတိုက်များမှ ဝန်ထမ်းများအတွက် အရည်အသွေးမီဆန်များကို ဈေးနှုန်းမှန်ကန်ချိုသာစွာဖြင့် လာရောက်ရောင်းချပေးခဲ့သည်။

ထို့အတူ နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း (ရုံးချုပ်) ရှိ ဝန်ထမ်းများအတွက်လည်း အရည်အသွေးမီ ဆန်များကို ဈေးနှုန်းမှန်ကန် ချိုသာစွာဖြင့် လာရောက်ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ရောင်းချပေးရာတွင် ရောပေါ်ဆန်း 10 kg တစ်အိတ်လျှင် ငွေကျပ် ၁၃၀၀၀ နှုန်း၊ ညှော့မထ 10 kg တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀ နှုန်း၊ ရွှေမနော 10 kg တစ်အိတ်လျှင် ၁၁၀၀၀နှုန်း၊ ရောမင်း 10 kg တစ်အိတ်လျှင် ၁၄၀၀၀ နှုန်း၊ ဆင်းသုခ 10 kg တစ်အိတ်လျှင် ၁၁၀၀၀ နှုန်းတို့ဖြင့် စုစုပေါင်း ဆန်အိတ် ၅၀၀ ကျော် ရောင်းချပေးခြင်းဖြစ်ပြီး အခြားဝန်ကြီးဌာနများရှိ ဝန်ထမ်းများအတွက်လည်း ဆက်လက်ရောင်းချပေးမည့်အပြင် အများပြည်သူ ဈေးနှုန်းမှန်ကန်ချိုသာစွာ ဝယ်ယူနိုင်ရန် နေပြည်တော် မြို့မဈေး၊ သပြေကုန်းဈေး၊ အာဟာရသုခဈေးနှင့် ပုဗ္ဗသီရိဈေးတို့တွင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၂-၉-၂၀၂၂

### ရွှေ

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် ၁၉၅၄၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် ၁၉၅၄၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၆၆၀ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၆၆၀ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

### စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၇၉၀ ကျပ် | ၂၈၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၈၇၅ ကျပ် | ၂၉၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၉၅ ကျပ် | ၂၃၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၇၅ ကျပ် | ၂၄၂၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၀၇၃ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၄၈၂ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၆ . ၂၆၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၄၇၅ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၅၉ . ၈၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၉၆ . ၆၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၅ . ၉၉၅ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၄၀၀ | ၉၅၀၀ | ၄၄၇၉ | ၂၄၅၅၀၀၀၀ |
| MTSH | ၃၄၅၀ | ၃၅၀၀ | ၃၈၇၁ | ၁၃၄၃၁၈၅၀ |
| MCB | ၇၅၀၀ | ၇၈၀၀ | ၆၃၃ | ၄၇၅၄၄၀၀ |
| FPB | ၂၀၅၀၀ | ၂၀၅၀၀ | ၃၉ | ၇၉၉၅၀၀ |
| TMH | ၂၈၅၀ | ၂၈၅၀ | ၁၀၀၀ | ၂၈၅၀၀၀၀ |
| EFR | ၂၇၅၀ | ၂၇၅၀ | ၃၂ | ၈၈၀၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

စက်တင်ဘာလ ၂၇ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ ပြန်လည်ကြံဆဆောင်ရွက်စို့

*ဆု (Tourism)*



**ခရီးသွားလုပ်ငန်း၏ အကျိုးနှင့် အပြစ်**

လူသားများသည် မိမိတို့၏ ရည်ရွယ်ချက်အမျိုးမျိုးအတွက် တစ်နေရာမှ တစ်နေရာသို့ သွားလာမှုများပြုကြရာ ခေတ်အဆက်ဆက် ပြောင်းလဲလာသည်နှင့်အမျှ သွားလာလှုပ်ရှားမှု နည်းပညာများ၊ သွား ရောက်လည်ပတ်သည့် ပုံစံများစသည်ဖြင့် ခရီးသွားလုပ်ငန်းသည်ခေတ်မီတိုးတက်လာပြီး ကမ္ဘာနှင့်တစ်ဝန်း ကြီးမားကျယ်ပြန့်သောလုပ်ငန်းတစ်ခုဖြစ်လာပါသည်။ ခရီးသွားလုပ်ငန်းသည် နိုင်ငံတစ်ခု၏ စီးပွားရေးကို အဓိက ပံ့ပိုးပေးသည့်အပြင် ပြည်သူများ၏ လူမှုစီးပွားတိုးတက်ရေးနှင့် သာယာဝပြောရေးကို အထောက်အကူဖြစ်စေနိုင်သည့် မီးခိုးတိတ်စက်ရုံ (Smokeless Industry) တစ်ခုဖြစ်ပြီး ကမ္ဘာတစ်ဝန်းတွင် အကြီးမားဆုံးနှင့် အလျင်မြန်ဆုံး တိုးတက်နိုင်သောလုပ်ငန်းတစ်ခုဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်၊ ထုံးတမ်းစဉ်လာများ၊ ရိုးရာအစားအသောက်များနှင့် အခြားဆွဲဆောင်မှုရှိသောအရာများကို ကမ္ဘာ့နိုင်ငံများအကြား သိရှိစေရုံသာမက နိုင်ငံ၏အရင်းအမြစ်များကို ဆုံးရှုံးမှုမရှိဘဲ နိုင်ငံခြားဝင်ငွေကို အဓိကဖန်တီးပေးနိုင်သကဲ့သို့ နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်သောလုပ်ငန်းတစ်ခုလည်း ဖြစ်ပါသည်။

ခရီးသွားလုပ်ငန်းသည် အထက်တွင် ဖော်ပြထားသကဲ့သို့ အကျိုးအမြတ်များစွာ ပေးစွမ်းနိုင်သောကြောင့် ကမ္ဘာပေါ်ရှိ နိုင်ငံအများအပြားတွင် ခရီးသွားလုပ်ငန်းကို အားပေးဆောင်ရွက်လာကြရာ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (UNWTO) ၏ ဖော်ပြချက်အရ ၂၀၁၉ ခုနှစ်တွင် တစ်ကမ္ဘာလုံး Gross Domestic Product – GDP ၏ ၁၀ ဒသမ ၄ ရာခိုင်နှုန်းအထိ ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ အကျိုးအမြတ်များစွာ ရရှိနိုင်သော်လည်း အရေအတွက်နှင့် အချိန်ကာလကြာလာသည်နှင့်အမျှ ခရီးသွားလုပ်ငန်းလုပ်ကိုင်ခြင်း ဖြင့် ခရီးစဉ်ဒေသများတွင် ခရီးသွားဧည့်သည်များ ထူထပ်ခြင်း၊ ခရီးသွားဧည့်သည်များ၏ မှားယွင်းသော အမူအကျင့်များ၊ ဒေသခံများ၏ခရီးသွားလုပ်ငန်းအပေါ် သိရှိနားလည်မှုအားနည်းခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမျိုးအသီးသီး၏ ယဉ်ကျေးမှုများအပေါ် ထိခိုက်ပွန်းပဲ့မှုများ အနည်းငယ်ဖြစ်ပေါ်လာခဲ့သည်ကိုလည်း တွေ့ရှိရပါသည်။ ထိုသို့ ခရီးသွားလုပ်ငန်း၏ ဆိုးကျိုးသက်ရောက်မှုများကို လျော့ပါးသက်သာစေရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် တာဝန်သိ၍ ရေရှည်တည်တံ့ခိုင်မြဲသောခရီးသွားလုပ်ငန်းတစ်ရပ်ဖော်ဆောင်နိုင်ရေး နိုင်ငံအသီးသီးမှ ခရီးသွားလုပ်ငန်းဆိုင်ရာအစိုးရအဖွဲ့အစည်းများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကအဖွဲ့အစည်းများဖြစ်သော ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (UNWTO)၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီ (WTTC)နှင့် အခြားသောဆက်စပ်အဖွဲ့အစည်းများ ပူးပေါင်း၍ နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိကြပါသည်။ ထို့အပြင် နိုင်ငံအလိုက် ခရီးသွားလုပ်ငန်းဆိုင်ရာ အရင်းအမြစ်များအပေါ်မူတည်၍ ခရီးသွားလုပ်ငန်းအမျိုးအစားများဖြစ်သည့် ယဉ်ကျေးမှုနှင့်ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ ခရီးသွားလုပ်ငန်း (Cultural Tourism)၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း (Eco–Tourism)၊ အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်း (Gastronomy Tourism)၊ စိုက်ပျိုးရေးဆိုင်ရာ ခရီးသွားလုပ်ငန်း (Agri–tourism)၊ စွန့်စားခရီးစဉ် (Adventure)၊ အပျော်စီးသင်္ဘောခရီးစဉ်(Cruise Tour) နှင့် အခြားသော ခရီးသွားလုပ်ငန်းအမျိုးအစားများအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိခြင်းကြောင့် ခရီးသွားလုပ်ငန်းသည် ကမ္ဘာပေါ်တွင် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိပါသည်။

**ခရီးသွားလုပ်ငန်းသည် နိုင်ငံတစ်ခု၏စီးပွားရေးကို အဓိက ပံ့ပိုးပေးသည့်အပြင် ပြည်သူများ၏ လူမှုစီးပွားတိုးတက်ရေးနှင့် သာယာဝပြောရေးကို အထောက်အကူဖြစ်စေနိုင်သည့် မီးခိုးတိတ်စက်ရုံ (Smokeless Industry) တစ်ခုဖြစ်ပြီး ကမ္ဘာတစ်ဝန်းတွင် အကြီးမားဆုံးနှင့် အလျင်မြန်ဆုံး တိုးတက်နိုင်သောလုပ်ငန်းတစ်ခု ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်၊ ထုံးတမ်းစဉ်လာများ၊ ရိုးရာအစားအသောက်များနှင့် အခြားဆွဲဆောင်မှုရှိသောအရာများကို ကမ္ဘာ့နိုင်ငံများအကြား သိရှိစေရုံသာမက နိုင်ငံ၏အရင်းအမြစ် များကို ဆုံးရှုံးမှုမရှိဘဲ နိုင်ငံခြားဝင်ငွေကို အဓိကဖန်တီးပေးနိုင်သကဲ့သို့ နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်သောလုပ်ငန်းတစ်ခုလည်း ဖြစ်ပါသည်**

**မျှော်လင့်မထားသော ကပ်ရောဂါ၏ ရိုက်ခတ်မှု**

အရာရာတွင် ကြိုတင်တွေးမထားသည်များ ဖြစ်ပေါ်လာနိုင်သကဲ့သို့ ၂၀၁၉ ခုနှစ် နှောင်းပိုင်းတွင် တရုတ်နိုင်ငံ ဝူဟန်မြို့မှစတင်၍ ကိုဗစ်–၁၉ ကူးစက်ရောဂါဖြစ်ပွားခဲ့ပြီး ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၁ ရက်နေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (Word Health Organization– WHO) မှ ကိုဗစ်–၁၉ ရောဂါကို ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါတစ်ခုအဖြစ် သတ်မှတ်လိုက်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါကပ်ရောဂါ၏ လူတစ်ဦးမှတစ်ဦး ကူးစက်ပျံ့နှံ့နိုင်သော ဗီဇသဘောအရ လူသားများ၏ ဘဝနေထိုင်မှုပုံစံများ ပြောင်းလဲခဲ့ရပြီး ခရီးသွားလာခြင်းကိစ္စရပ်ကိုပင် ထည့်သွင်းမတွေးတောနိုင်ကြတော့ဘဲ မိမိနေအိမ်၌ပင် နေထိုင်ခဲ့ကြရသည်။ ကပ်ရောဂါဖြစ်ပွားနေမှုကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကဏ္ဍစုံလုပ်ငန်းလည်ပတ်မှု များ ရပ်တန့်ခဲ့ရသည့်အတွက် နိုင်ငံခြားဝင်ငွေလျော့နည်းခြင်းနှင့် အလုပ်အကိုင်ရှားပါးခြင်းများဖြစ်ပေါ်၍ လူသားတို့၏ အသက်မွေးဝမ်းကျောင်းကိုပါ ထိခိုက်စေခဲ့ပါ သည်။

ကပ်ရောဂါဖြစ်ပွားမှုကြောင့် အလွန်အမင်းထိခိုက်ခဲ့ရသည့် လုပ်ငန်းကဏ္ဍများအနက် ခရီးသွားလုပ်ငန်းသည် ထိခိုက်မှုအရှိဆုံး ကဏ္ဍတစ်ခုဖြစ်ပါသည်။ ကျန်းမာရေးဆိုင်ရာ အဖွဲ့အစည်းများမှ ကပ်ရောဂါဖြစ်ပွားမှုအပေါ်မူတည်၍ ခရီးသွားလာမှုကန့်သတ်ချက် (Travel Restriction) များ ချမှတ်ခြင်းကြောင့် ခရီးသွားလုပ်ငန်း၏ အသက်သွေးကြောကို ဖြတ်တောက်လိုက်သကဲ့သို့ ခရီးသွားဧည့်သည် ဝင်ရောက်မှုများ ရပ်ဆိုင်းသွားခဲ့ရပြီး ခရီးသွားဝင်ငွေကျဆင်းခြင်း၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍတွင် လုပ်ကိုင်နေသူ (Tourism Players) များ၏ အလုပ်အကိုင်ရှားပါးခြင်းများဖြင့် လွန်စွာပွန်းပဲ့ထိခိုက်ခဲ့ရပါသည်။ ခရီးသွားဧည့်သည်များ ဝင်ရောက်မှု ရပ်ဆိုင်းသွားသောကြောင့် ဟိုတယ်လုပ်ငန်းများအနေဖြင့် ဝယ်လိုအားများကျဆင်းပြီး ဝန်ထမ်းများအား လစာမဲ့ခွင့်များပေးခြင်း၊ အလုပ်ချိန်လျှော့ချခြင်းနှင့် လစာလျှော့ချခြင်းများ လုပ်ဆောင်ရသကဲ့သို့ အချို့သော ဟိုတယ်လုပ်ငန်းများကို အပြီးတိုင်ပိတ်သိမ်းခဲ့ရသည့်အတွက် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ရပ်တန့်လုနီးပါး ဖြစ်ခဲ့ရပါသည်။

ကိုဗစ်–၁၉ ကပ်ရောဂါ မဖြစ်ပွားမီ ကမ္ဘာ့ခရီးသွားလုပ်ငန်း၏ အခြေအနေများကို ပြန်လည် သုံးသပ်ကြည့်ရမည်ဆိုပါလျှင် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (UNWTO) ၏ စစ်တမ်းများအရ ၂၀၁၉ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည်ဦးရေ ဝင်ရောက်မှုအနေဖြင့် စုစုပေါင်း ၁ ဒသမ ၅ ဘီလီယံ၊ ခရီးသွားလုပ်ငန်းဝင်ငွေအနေဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ထရီလီယံအထိရရှိခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ GDP အနေဖြင့် ၁၀ ဒသမ ၄ ရာခိုင်နှုန်းရရှိခဲ့ပါသည်။ ကိုဗစ်–၁၉ ကပ်ရောဂါဖြစ်ပွားပြီး ၂၀၂၀ ခုနှစ်တွင် ကမ္ဘာ့ခရီးသွားလုပ်ငန်း၏ ခရီးသည်ဝင်ရောက်မှုသည် ၄၁၅ သန်းသာ ဝင်ရောက်ခဲ့သောကြောင့် ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်ကြည့်ပါက ၇၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။ အလုပ်အကိုင်အခွင့်အလမ်းအနေဖြင့် ခရီးသွားလုပ်ငန်းမှ ၂၀၁၉ ခုနှစ်တွင် အလုပ်အကိုင် ၃၃၃ သန်း ဖန်တီးပေးနိုင်ခဲ့သည်ကို လေ့လာသိရှိရပြီး ၂၀၂၀ ပြည့်နှစ်တွင်မူ ကမ္ဘာတစ်ဝန်းအလုပ်အကိုင် သန်းပေါင်း ၆၂ သန်းကျော် ဆုံးရှုံးခဲ့ရသဖြင့် ကိုဗစ်–၁၉ ရောဂါ ပျံ့နှံ့ဖြစ်ပွားမှုသည် ခရီးသွားလုပ်ငန်းအပေါ် လွန်စွာထိခိုက်ခဲ့ကြောင်း သက်သေပြနိုင်သော ကိန်းဂဏန်းများပင် ဖြစ်ပါသည်။

အာဆီယံခရီးသွားလုပ်ငန်းအပေါ် သက်ရောက်မှုများကို ကြည့်ရမည်ဆိုလျှင် ၂၀၁၉ ခုနှစ်တွင် ခရီးသွားဧည့်သည် ၁၄၃ မီလီယံ ဝင်ရောက်ခဲ့ပြီး ခရီးသွားလုပ်ငန်းဝင်ငွေအနေဖြင့် အမေရိကန်ဒေါ်လာ ၁၇၁ ဒသမ ၁ ဘီလီယံရရှိခဲ့သော်လည်း ကိုဗစ်–၁၉ရောဂါဖြစ်ပွားသည့် ၂၀၂၀ ပြည့်နှစ်တွင် ခရီးသွားဧည့်သည် ၂၆ ဒသမ ၂ မီလီယံ ဝင်ရောက်ခဲ့ပြီး ဝင်ငွေအနေဖြင့် အမေရိကန်ဒေါ်လာ ၄၃ ဒသမ ၁ သန်းပင် ရရှိခဲ့သောကြောင့် ကိုဗစ်–၁၉ ရောဂါမဖြစ်ပွားမီ ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်ကြည့်ပါက ၇၄ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ကို စစ်တမ်းများအရ တွေ့ရှိရပါသည်။

အလားတူ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကို သုံးသပ်လေ့လာကြည့်ရမည်ဆိုပါလျှင် ၂၀၁၁ ခုနှစ် မှစတင်၍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာခဲ့ရာ ၂၀၁၉ ခုနှစ်တွင် ခရီးသွားဧည့်သည်ဝင်ရောက်မှုအနေဖြင့် ၄ ဒသမ ၃၆ သန်းထိ ရောက်ရှိခဲ့ပြီး ဝင်ငွေအနေဖြင့် အမေရိကန်ဒေါ်လာ ၂၈၁၈ ဒသမ ၇၅ သန်း ရရှိခဲ့သော်လည်း ကိုဗစ်–၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှစ၍ ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည်ဝင်ရောက်မှု ၀ ဒသမ ၉ သန်းသာ ရောက်ရှိ ခဲ့ပြီး ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်ကြည့်ပါက ၇၉ ရာခိုင်နှုန်း လျော့နည်းသွားသည်ကို စိတ်မကောင်းစွာ တွေ့ရှိရပါသည်။ ခရီးသွားလာမှုကန့်သတ်ချက်များ အနည်းငယ်ဖြေလျှော့လိုက်ချိန် ၂၀၂၁ ခုနှစ်တွင်မူ ခရီးသွားဧည့်သည် စုစုပေါင်း ၀ ဒသမ ၁၃ သန်း ပြန်လည်ဝင်ရောက်လာခဲ့ပါသည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပပြုလုပ်ခဲ့သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၁၀) ကြိမ်မြောက် နိုင်ငံတကာကျန်းမာရေးအပေါ် တုံ့ပြန်မှု

*စာမျက်နှာ ၂၁ သို့*

# တိုင်းပြည်ကြီး မြန်မြန်တည်ငြိမ်အေးချမ်းပြီး ကုန်ဈေးနှုန်းတွေလည်း ကျစေချင်တယ်၊ ခရီးသွားတွေလည်း ပျော်ပျော်ပါးပါး ခရီးထွက်စေချင်ပါတယ်

ဟသ်ာတ စက်တင်ဘာ ၂၂

**လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေး၊ ကုန်စည်စီးဆင်းမှု မြန်ဆန်စေရန်နှင့် ခရီးသွားပြည်သူများ၏ လုံခြုံရေးနှင့် စရိတ်ကုန်ကျမှုသက်သာစေရန် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား တိုင်း(၉)မှ ပုသိမ်-ဟသ်ာတ-ကြံခင်း (၁၈၁) အဆန်နှင့် (၁၈၂) အစုန် အမြန်ရထားပြေးဆွဲရာတွင် ကြားဘူတာများမှ ရထားဖြင့်ခရီးသွားသူများ၏ စကားသံများကို ဤသို့ကြားသိရပါသည်။**


ဦးအောင်နိုင်ထူး


ကိုသူရိန်ဝင်း


ဒေါ်လှလှပြုံး


ဒေါ်မြင့်မြင့်

**ဦးအောင်နိုင်ထူး (ဟသ်ာတမီးရထား ရုံပိုင် – ရထားသွားလာရေး)**

အမြန်ရထား စတင်ပြေးဆွဲတာက တော့ စက်တင်ဘာ ၁၁ ရက်မှစပြီးပြေးဆွဲပါတယ်။ တွဲဆိုင်းအနေနဲ့ အထက်တန်းတွဲ နှစ်တွဲ၊ ရိုးရိုးတန်းတွဲ ခြောက်တွဲ၊ ကုန်တင်တွဲနဲ့ နောက်ဆုံးတွဲကတော့ ဘရိတ်တွဲပါမယ်၊ အားလုံးပေါင်း ၁၀ တွဲ ပါ ပါတယ်။ ပုသိမ်ကနေ ဟသ်ာတအထိ ကြားဘူတာ ၁၁ ခု၊ ဟသ်ာတနဲ့ ကြံခင်းကြားမှာလည်း ကြားဘူတာ ၁၁ ခု ရပ်တန့်ပါတယ်။ ခရီးသည်တွေအနေနဲ့ ကြားဘူတာတွေမှာ ရပ်တန့်ပေးတဲ့အတွက် ဒေသထွက်ကုန် ပို့ဆောင်မှုအနေနဲ့ အဆင်ပြေတာကို တွေ့ရပါတယ်။

ရထားလက်မှတ် သတ်မှတ်နှုန်းကတော့ ဟသ်ာတကနေ ပုသိမ်ကို ရိုးရိုးတန်း ၃၈၀၀၊ အထက်တန်း ၇၅၀၀၊ ဟသ်ာတကနေ ကြံခင်းအထိ ရိုးရိုးတန်းက ၃၀၀၀၊ အထက်တန်း ၅၉၀၀ ကျပါတယ်။ ပုသိမ်ကနေ ကြံခင်းအထိစီးမယ်ဆိုရင် ရိုးရိုးတန်းက ၆၇၀၀၊ အထက်တန်းတွဲက ၁၃၃၀၀ ကျပါမယ်။ ပြည်သူတွေအနေနဲ့ ခရီးသွားမယ်ဆိုရင် ရထားလက်မှတ်ဝယ်ယူတဲ့အခါ မှတ်ပုံတင်ယူဆောင်လာရပါမယ်။ အကယ်၍ မှတ်ပုံတင်မရှိသေးဘူး။ လျှောက်ထားဆဲဆိုရင် သက်ဆိုင်ရာရပ်ကွက်ထောက်ခံစာ ယူဆောင်လာရပါမယ်။ နောက်ဆုံး ပြောချင်တာကတော့ ကျွန်တော်တို့က ခရီးသွားပြည်သူတွေ သွားလိုတဲ့နေရာကို စိတ်ချမ်းမြေ့စွာ သွားလာနိုင်အောင်ပဲ ရည်ရွယ်ချက်ရှိပါတယ်။ အကျိုးအမြတ်အနေနဲ့ကတော့ အခုချိန်မှာ အမြတ်ဆိုတာထက် ရထားစီးကြတဲ့သူ အများစုဟာ အခြေခံလူတန်းစား အများစုနဲ့ ဒေသထွက်ကုန်တွေ သယ်ယူပို့ဆောင်ကြတဲ့သူတွေ များပါတယ်။ အထက်တန်းမှာလိုက်ပါတဲ့ ခရီးသည်လည်း သိပ်မများသေးပါဘူး။ အဲဒါကြောင့် ခရီးသွားပြည်သူတွေ ဘေးကင်းလုံခြုံစွာနဲ့ လိုရာခရီးကို သက်သောင့်သက်သာ စီးနင်းလိုက်ပါနိုင်ရေး၊ ကုန်ကျစရိတ်သက်သာစေရေးနဲ့ ကုန်စည်စီးဆင်းမှု ချောမွေ့စေရေးအတွက် စိတ်နှလုံးကောင်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း ပြောကြားလိုပါတယ်။

**ကိုသူရိန်ဝင်း (အခြေခံစားသောက်ကုန် သယ်ယူပို့ဆောင်သူ)**

မြန်အောင်မှာ နေပါတယ်။ လောလောဆယ် သံပရာသီးတွေကို မြန်အောင်ကနေ ပုသိမ်ကို တင်ပို့ပေးပါတယ်။ အများအားဖြင့် ရထားနဲ့တင်တာများပါတယ်။ ရာသီအလိုက် ထွက်တဲ့သီးနှံတွေ၊ ဒေသထုတ်ကုန်တွေကိုပဲ အများဆုံး တင်ပို့ပါတယ်။ ရထားနဲ့တင်ပို့တာက စရိတ်သက်သာတယ်။ များများတင်နိုင်တယ်၊ ကုန်မနာဘူးပေါ့။ ကားနဲ့စာရင်တော့ အချိန်နည်းနည်းပိုကြာပေမယ့် ကုန်ကျစရိတ်နဲ့တွက်ရင်တော့ ရထားက ပိုသက်သာတယ်၊ ပစ္စည်းအနာအဆာ သက်သာတယ်၊ များများတင်ပို့နိုင်တဲ့အတွက်လည်း အဆင်ပြေပါတယ်။

**ဒေါ်လှလှပြုံး(ကုန်သည်) ကြံခင်း**

ကြံခင်းကနေ ဟသ်ာတကို ဒေသထွက်ကုန် ဆီ တင်ပို့ပေးတာပါ။ အမြန်ရထားပြေးဆွဲပေးတော့ ကျွန်မတို့အနေနဲ့ သယ်ယူပို့ဆောင်စရိတ် သက်သာတယ်။ ကုန်များများ ဈေးကွက်ကိုတင်ပို့နိုင်တယ်။ လေလွင့်ထိခိုက်မှု နည်းပါးတော့ အဆင်ပြေပါတယ်။

**ဒေါ်မြင့်မြင့်(ဈေးရောင်း)**

ဘူတာမှာ ထမင်းရောင်းတာ ၄၅ နှစ်ကျော်ပါပြီ။ ဒီအလုပ်နဲ့ပဲ အသက်မွေးဝမ်းကျောင်းလာတာ သားသမီး ခြောက်ယောက်ကို ကျောင်းထားပေးနိုင်ခဲ့တယ်။ သူတို့တွေလည်း ခုချိန်မှာ အလုပ်ကိုယ်စီရှိနေကြပါပြီ။ ဟိုးတုန်းက ရထားတွေ ပုံမှန်ပြေးဆွဲကြတော့ ထမင်းရောင်းရတာ ပျော်စရာကောင်းတယ်။ ပုသိမ်ဘက်က လာတဲ့ရထားက ဟသ်ာတကို ရောက်ရင် ကုန်တင်၊ ကုန်ချတာတွေ၊ လူတွေတင်တာတွေနဲ့ ရထားရပ်ချိန် နာရီဝက်လောက်ရတယ်၊ အဲဒီအချိန်မှာဆို ပုသိမ်ကလာတဲ့သူတွေကလည်း ဟသ်ာတမြို့ထဲ ခဏဝင်၊ ကြံခင်းဘက်ကလာတဲ့ရထားဆိုလည်း ဟသ်ာတမှာရပ်ရင် အချိန်ပိုရတဲ့အတွက် ထမင်းထုပ်အပြင် ခုံလေးတွေချပြီး ထိုင်စားလို့ရအောင် ပြင်ဆင်ရောင်းချလို့ ရခဲ့တယ်။

ကိုဗစ်ကြီးလည်းဖြစ်လာရော ရထားက စာပို့တွဲပဲရှိတော့ အချိန်ကြာကြာလည်းမရပ်ဘူး၊ ခရီးသည်တွေဆိုတာကလည်း အခြေခံလူတန်းစားတွေဖြစ်တဲ့အတွက် မဖြစ်မနေလိုက်ပါကြတဲ့သူတွေများတယ်။ ခရီးဆုံးထိလိုက်တဲ့သူ နည်းတယ်။ ကြားဘူတာတွေလောက်မှာပဲဆင်းကြတော့ အရင်တုန်းကလို ထမင်းမရောင်းရဘူး။ ဟိုတုန်းက တစ်ရက်ကို ဆန် ၁၀ ပြည်ချက်ရတာ။ အခုဆိုရင် ဆန်လေးပြည် မနည်းကုန်အောင် ရောင်းရတာ။ ရထားဆိုက်ချိန် သိမ်းပြီးဆိုကျန်တာလေးတွေ ပြန်သယ်၊ အနီးအနားကလူတွေကိုရောင်းပြီး ပိုရင် မိသားစုအတူစားကြရတာပေါ့။

အခုအမြန်ရထားက တစ်ရက်ကို အစုန်အဆန် နှစ်စင်းပဲထွက်တာဆိုတော့ ရပ်ချိန်နည်းတာရယ် ခရီးသွားတွေလည်း ဟိုတုန်းကလောက်မများတာမို့ ဈေးသိပ်မရောင်းရပေမယ့်လည်း ပျော်ပါတယ်။ စီးပွားရေးအဆင်မပြေတာတွေ၊ ကျပ်တည်းတာတွေက ကိုယ်တစ်ယောက်တည်းမဟုတ်ဘဲ အများလည်း တွေ့ကြုံရင်ဆိုင်နေရတာဆိုတော့ တိုင်းပြည်ကြီးလည်း မြန်မြန်တည်ငြိမ်အေးချမ်းစေချင်ပါတယ်။ ကုန်ဈေးနှုန်းတွေလည်း ကျစေချင်ပါတယ်။ အမြန်ရထားကြီး ပြန်လည်ပြေးဆွဲစေတဲ့အတွက်လည်း ခရီးသွားတွေ ဟိုတုန်းကလို ပျော်ပျော်ပါးပါး အလည်အပတ်ခရီးတွေ ထွက်စေချင်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ – ခင်စန္ဒာဆွေ**
**(လက်ထောက်ညွှန်ကြားရေးမှူး)**
**ဓာတ်ပုံ(ပြန်/ဆက်)**

---

*စာမျက်နှာ ၂၀ မှ*

